စိတ်ကူးချိုချိုအနုပညာ

ခင်နှင်းယု

# မောင်မျိုးမင်းနိုးကြွားလာခြင်း



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# ခင်နှင်းယု

## မောင်မျိုးမင်းနိုးကြားလာခြင်း

ဘွားဘွားလေ . . ပုံတွေ ဆက်ပြီး စုထားမယ်။

မင်း ပုံနားထောင်တတ်တော့မှ

ကြမ်းတမ်းတဲ့ စကားပြောလို့ ပြည်သူ မချစ်တဲ့ မိဘုရားကြီးအကြောင်း၊

ငယ်ပေမဲ့ ခြသေ့်ကြီးကို ကယ်နိုင်တဲ့

လူစွမ်းကောင်း ကြွက်ကလေး အကြောင်း၊

အပေါင်းအသင်းကောင်းပြီး အဖွဲ့အစည်းနဲ့နေတတ်လို့

မုဆိုးလက်က လွတ်ရတဲ့ သမင်၊ လိပ်နဲ့ သစ်တောက်ငှက်အကြောင်း၊

ဖခင်အသက်ကို မိမိအသက်နဲ့ လဲပြီး ကယ်ခဲ့တဲ့

မလှဆိုတဲ့ မိန်းကလေးနဲ့ လူဝံ ကိုရုပ်ဆိုးကြီးအကြောင်း၊

သတ္တိရှိလို့ ဘီလူးကြီးကိုအနိုင်ရတဲ့ ပဥ္စာဝုဓမင်းသားလေးအကြောင်း၊

လိမ်လည်စကား မုသားပြော ကတိမတည်လို့

မြေမြိုခံရတဲ့ စေတိယမင်းအကြောင်း . . .ရယ်ကို . . .

khy0020

2000.00 Ks

mgyoe.com

မောင်မျိုးမင်းနီးကြားလာခြင်း၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၁၄ မျက်နှာ၊ ၁၂·၈စင်တီ x ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၆ တသက်တာစာပေ၊ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# မောင်မျိုးမင်းနိုးကြားလာခြင်း

## ခင်နှင်းယု

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၇

mgyoe.com

mgyoe.com

မြေးကိုချစ်သော ဘွားဘွားများနှင့်
ချစ်လှစွာသော လူကလေးများ … သို့

ခင်နှင်းယု

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ မောင်မျိုးမင်း နိုးကြားလာလေပြီ ၁

၂။ သူ့ကို နာမည် ပေးရပေဦးတော့မည် ၃

၃။ တံခါးအဝ ၂၂

၄။ ဗျည်း ၃၃ လုံး ၄၄

၅။ မောင်မောင်ကျော်နှင့် ပဲသီးတောင့် ၆၁

၆။ နွားကျောင်းသားလော သူရဲကောင်းလော ၆၉

၇။ လေယာဉ်ပျံကို ခဲနဲ့ပေါက်ရင် ထိလိမ့်မယ်... မယုံမရှိနဲ့ ၉၇

၈။ ဗောဓိပင်ရိပ်ဝယ် ၁၁၂

၉။ စိန်သူရဲ ၁၃၉

၁၀။ မိုးညနှင့်မီးခွက်အို ၁၇၈

၁၁။ ကိုရင်မျိုးမင်း ၁၉၇




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မောင်မျိုးမင်း နိုးကြားလာလေပြီ

"ဘုရား... ဘုရား"

ကျွန်မ ဘုရားတခြင်းမှာ မောင်မျိုးမင်း နိုးကြားလာခြင်းအတွက် ကျွန်မတို့မိသားစုတွင် လှုပ်ရှားမှုတစ်ခုတော့ ဖြစ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် လူသစ်ကလေးတစ်ယောက် သူ၏တစ်နေရာကို ကျွန်မအိမ်ထောင်စုတွင် ယူလာခဲ့ပြီ။

မောင်မျိုးမင်းကို သူ့မိခင် မိကျော်သောင်းသည် ၁၉၇၀–ပြည့်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားလိုက်၏။ မွေးချိန်အတိအကျကိုတော့ ကျွန်မ မသိပါ။ သို့သော် ထိုနေ့ည ၉ နာရီတွင် ဒုတိယ မြေးရတနာယောကျ်ားလေးတစ်ယောက် ကျွန်မတို့ဆွေစုမျိုးစု မဟာသာကီထဲတွင် ပေါက်ဖွားလာကြောင်း ပထမဆုံး သတင်းပါလာသူမှာ မောင်မျိုးမင်း၏ ဘကြီးတော် ဦးသက်တင်ဖြစ်၏။

သတင်းကြားကြားချင်း ကျွန်မ အိပ်ရာပေါ် လဲကျသွား၏။ "အောင်မယ်လေး... နန်းမတော်မယ်ယုရဲ့ ကျွန်တော်ကတော့ ကောင်းသတင်း အနေနဲ့ လာပြောတာပါ၊ ကျုပ်တော့ တရားခံမဖြစ်ပါရစေနဲ့ ဆေးသောက်ပြီး ဒီညတော့ ပျော်အောင်အိပ်ပါ" ဟူ၍ ပြောသွား၏။

ကျွန်မသည် သမီးဖြစ်သူ မိကျော်သောင်းကိုလည်း ကလေးမွေး

mgyoe.com

mgyoe.com


ဖွားချိန်တွင် ကျန်းမာရေးအခြေအနေ ကောင်း မကောင်း စစ်ဆေးရုံသို့ သွားရောက် မကြည့်နိုင်ခဲ့ပါချေ။

မောင်မျိုးမင်းအား အိမ်သို့ ခေါ်ယူလာမှပင် ကျွန်မမြေးငယ်၏ မျက်နှာကို မြင်ရပါ၏။ သူ့ဖခင် ဗိုလ်မှူးထွန်းအောင်ကျော်က ကလေးကို ကျွန်မလက်ထဲ ထည့်လိုက်၏။ ကျွန်မသည် ဧည့်ခန်းဝတွင် ကြိုးစား၍ မတ်တတ်ရပ်ကာ သူ့ကိုပွေ့ချီလိုက်၏။ သူ့မျက်နှာ ဖွေးဖွေးနုနုကို မြင်လိုက်ရ၏။ သူ့ကိုယ်ငွေ့ နွေးနွေးလေး၏ အတွေ့သည် ကျွန်မ၏ ရင်အား ထိုးဖောက်ကာ အေးစက်နေသော ကျွန်မ၏နှလုံးသားအား လှုပ်ရှားလာရန် ဓာတ်အားပေးလိုက်၏။

ကျွန်မ၏ ခြေလှမ်းများကမူ တစ်ဖဝါးမျှ ရွေ့၍မရ။ ကျွန်မသည် ခဏသော် ကျောက်တိုင်သဖွယ် ငြိမ်သက်သွား၏။ အတွေးတို့သည် ဟိုသို့သည်သို့ ပျံ့လွင့်သွားကြ၏။ အဆွေးတို့သည်လည်း လှိုင်းဘောင်ဘင်ခတ်သလို ခတ်သွားကြ၏။ တဒင်္ဂပဟန်စိတ်၏ လှုပ်ရှားမှုအစဉ်ကို ရေးချပြရလျှင် စာတစ်အုပ်စာ ရပေဦးမည်။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ကြေကွဲခြင်း၊ ပြောကြားလိုခြင်း၊ တိုင်တည်လိုခြင်း။

သြော်... စိတ်အစဉ်၏ လှုပ်ရှားမှုသည် များပြားပါဘိခြင်း။

၀

mgyoe.com

mgyoe.com

# သူ့ကို နာမည် ပေးရပေဦးတော့မည်

သူ့အစ်ကိုအား ကျော်ကျော်ဝင်းဟူ၍ နာမည်ပေးစဉ်က သူတို့၏ မိခင်မိကျော်သောင်းသည် မကြိုက်။ ဇာတာဖွဲ့စဉ် ဗေဒင်ဆရာ၏ အလိုကျ ပေးလိုက်ရခြင်းဖြစ်၏။

"အဲဒီ... ကျော်ကျော်ဝင်းဆိုတဲ့ နာမည်မျိုးဟာလေ ရည်းစားသိပ်များတတ်တာပဲ" ဟု မိက မှတ်ချက်ချ၏။ သို့သော် မိသည် သူ့ဖခင် ဦးပုံစံ (ကလေးငယ်၏အဘိုးဖြစ်သူက) ဤအမည်ကို လက်ခံပြီးဖြစ်၍ သူ့သားဦးကို ကျော်ကျော်ဝင်းဟု မှည့်ခေါ်ရန် လက်ခံလိုက်၏။

ယခုမူ ကလေးတို့၏ဘဘ ဦးပုံစံမရှိတော့ပေ။ ကလေးတို့၏ ဘွားဘွားသည် ဒုတိယမြေးအား နာမည်ပေးရတော့မည်။ မိကမူ သူ့ဖခင် ဦးပုံစံခေါင်းလို နောက်စေ့ချွန်ချွန်နှင့် လုံးလုံးလေးနေသောကြောင့် မောင်ပေသီးဟူ၍ ချစ်စနိုးခေါ်ပါသည်။

မောင်ပေသီးမှာ ကြာသပတေးသား ဖြစ်သောကြောင့် နေ့သင့်နံသင့်လည်း ဖြစ်ပါပေသည်။ သို့သော် တရားဝင်နာမည်က လိုပေသေး၏။

ကျွန်မသည် ကြက်သွန်ဖြူဥတစ်လုံးတွေ ဘာတွေနှင့် နာမည်မှည့်သော ကျမ်းစာအုပ်များကိုလည်း မရှာချင်သေး၊ ဗေဒင်ဆရာများနှင့်လည်း ကျွန်မ၏ခင်ပွန်းသည် ဆုံးပြီးကတည်းက မတွေ့လိုသေး။

mgyoe.com

mgyoe.com


မောင်ပေသီးသည် ကျောက်ကျောက်ဝင်းလို အရပ်မရှည်၊ သူ့အစ်ကိုသည် အလုံးထက် အရပ်က ပိုထွက်နေ၏။ မောင်ပေသီးကမူ ပုပုဝိုင်းဝိုင်းလေး ဖြစ်၏။ တုတ်တုတ်ခိုင်ခိုင်လေး ဖြစ်၏။ သူသည် သူ့မိခင် မိလို အစားကိုသာ ပါးစပ်တလှုပ်လှုပ်နှင့် စားနေရလျှင် အေးချမ်းငြိမ်သက်စွာ နေတတ်၏။

ကျွန်မ၏ဆရာ ဆရာဦးမျိုးမင်း (အင်္ဂလိပ်စာဌာန ပါမောက္ခ)ကို အထိမ်းအမှတ် သတိတရ အနေလည်းဖြစ်၊ နေ့သင့်နံသင့်လည်း ဖြစ်သည်ဟူ၍ ကျွန်မပြောကာ မောင်ပေသီးအား "မောင်မျိုးမင်း" ဟူ၍ ကျွန်မ အမည်ပေးလိုက်ပါသည်။

သို့သော် သူ့ကို မောင်မျိုးမင်းဟူ၍လည်း မခေါ်၊ မောင်ပေသီးဟူ၍လည်း မခေါ်ကြ၊ သားငယ်လေးဟူ၍ပင် ခေါ်ကြ၏။

သူ့မိခင် ဆရာဝန်ဘွဲ့ထူး မရခင်ကသာ ကျောင်းစာပေကို ဇောက်ချကြိုးစားနိုင်ရန်အတွက် ပတ်ကားနာနိ ခေါ်သော (ပထမတန်းစား ကလေးထိန်း) ကိုခေါ်၍ထား၏။ မောင်မျိုးမင်း မွေးစ ငွေတန်ဖိုး ကုန်ဈေးနှုန်း အခြေအနေတုန်းကပင် ပတ်ကားနာနီ၏ လစာမှာ ၁၂၀ ကျပ် ဖြစ်၏။ ကလေးထိန်းလစာကို ထွန်းအောင်ကျော်ကပေး၏။ ယခုမိ ဒီဂရီ ရလာသောအခါ ကျွန်မတို့သည် မောင်မျိုးမင်းအား တစ်လခြောက်ဆယ်ပေးရသော သင့်ရုံကလေးထိန်း သူငယ်မလေးကို ထိန်းစေပါတော့သည်။ အဘယ်ကြောင့်ဆိုသော် မောင်မျိုးမင်းအတွက် နို့ဘူးဖျော်ရခြင်း၊ တစ်ပတ်တစ်ခါ နို့ဘူးသန့်ရှင်းရေးအတွက် အသုံးချရသောပစ္စည်းများကို ရေနွေးနှင့် ပြုတ်ရခြင်း၊ အနှီးလျှော်ရခြင်း ကိစ္စများ ငြိမ်းသွားပြီ ဖြစ်သောကြောင့် ဖြစ်၏။ ထမင်းချက်သူအတွက် လစာကိုမူ ကျွန်မက ပေး၏။ ထမင်းချက်တစ်ယောက်၊ ကလေးထိန်းတစ်ယောက်၊ ပေါင်း ၂ ယောက် ထားရသောအခါ စားအတူ၊ သွားအတူ၊ နေအတူ၊ ထိုင်အတူ၊

mgyoe.com

mgyoe.com


ကျွန်မတို့မိသားစုမူအရ၊ ဆန်တစ်တင်းကျပ် ၅၀ ကျော်မှ ကျပ် ၇၀ အထိ၊ ပေးစားရသော အချိန်တွင် အိမ်စေတို့ကို လခပေးရသည်ထက် သူတို့အား ကျွေးမွေးစရိတ်နှင့် အဝတ်ပေးရသော စရိတ်က ပိုမိုကြီးလေးလာသောကြောင့် အစစ အိမ်စရိတ်ကို လျှော့ချနိုင်ရန် ကလေးထိန်းသူငယ်မလေးကိုလည်း ရွက်ကြမ်းရေကျိုလောက်သာ ကျွန်မတို့ ငှားနိုင်တော့သည်။

အမှန်တော့လည်း မိ၏ဖခင် (ကွယ်လွန်သူ) ဦးပုံစံ၏ ရည်ရွယ်မှန်းထားချက်အတိုင်း မိဆရာဝန်အဖြစ်သို့ ချောချောချူချူ ရောက်ရန်အတွက် ကျွန်မနှင့် ထွန်းအောင်ကျော်တို့သည် သားကြီးကျော်ကျော်ဝင်းနှင့် သားငယ် မောင်မျိုးမင်းတို့အား နို့စို့အရွယ်တွင် ကျန်းမာရေးအတွက် ငွေသွန်သုံးကြခြင်းဖြစ်၏။ မိသားငယ်များ ကျန်းမာမှ သူစိတ်ချမ်းသာစွာ စာသင်နိုင်ပေမည်။ ကျွန်မ ကိုယ်နှိုက်ကလည်း ကျန်းမာသော ဘွားအေတစ်ယောက်ဖြစ်ပါမူ ကလေးတစ်ယောက်တာဝန်မှာ ပတ်ကားနာနီ ငှားနေစရာ မလိုပါပေ။ ယခုမူ မောင်ပေသီးတို့၏ ဘွားဘွားသည် မြေးငယ်တို့ကို နို့ဘူးဖျော်တိုက် ထိန်းကျောင်းဖို့ နေနေသာသာ ကိုယ့်ပါးစပ်ထဲကိုယ် ထမင်းတစ်လုတ်စားနိုင်ဖို့ မျက်မှန်နှစ်လက် တပ်နေရသောအဖြစ်ကြောင့် နို့ဘူးသန့်ရှင်းရေး၊ ကလေးကို အချိန်မှန် ကျွေးမွေးပြုစုနိုင်ရေးအတွက် ကျွမ်းကျင်သော နာနီကို ငှားရခြင်းဖြစ်၏။

ယခုမူ မောင်မျိုးမင်း ပြေးလွှားကစားနိုင်လေပြီ။ စကားကိုလည်း သွက်လက်ချက်ချာစွာ ပြောတတ်လေပြီ။ သူ့ကိုထိန်းသော မိန်းကလေးမှာ အညာကျေးတောသူဖြစ်၍ အမည်မှာ မပုလေးဖြစ်သည်။

ကျွန်မ၏ အိပ်ခန်းကို မောင်မျိုးမင်းနှင့် မပုလေးအားပေး၍ ကျွန်မသည် ဦးပုံစံ၏အိပ်ခန်းသို့ ပြောင်းရွှေ့အိပ်ပါတော့သည်။

ရေချိုးပြီးတိုင်း မောင်မျိုးမင်းအိပ်ခန်းမှ

mgyoe.com

mgyoe.com


"မမပု ပြပြ... မမပု ပြပြ" ဟူသော အသံကို ကျွန်မကြားရ၏။

"ဟဲ့ မပုလေး သားငယ်လေးက ပြဆိုတာ ပြလိုက်လေ" ကျွန်မက နားပူသောကြောင့် လှမ်းအော်လိုက်၏။

"သူ့အဝတ်ဗီရိုကို ဖွင့်ခိုင်းတာ ဘွားဘွား၊ လူကဖြင့် ပေါက်စရှိသေးတယ်၊ အဝတ်အစားကို သိပ်ကြေးထူတာပဲ၊ ဗီရိုတစ်ခုလုံး သူဖွင့်ပြီး သူကြိုက်တာမှ သူဝတ်တယ်၊ သိမ်းရတဲ့လူက သေလုရော"

မောင်မျိုးမင်း ယခုသုံးနှစ်ကျော်မှ ပိုဆိုးလာသည်။ မီးပူထိုးထားသော အဝတ်များကို ပုံထားသည့်အခန်းထဲသို့ သူသည် မပုလေး အလစ်တွင် ဝင်သည်။ ဗီရိုများထဲသို့ အဝတ်များ ခွဲဝေမသိမ်းရခင် မောင်မျိုးမင်းသည် အဝတ်သုံးစုံလောက် လဲပြီးချေပြီ။

တော်ပေသည်။ တော်ပေသည်။ ရှေးပုံပြင်တစ်ခုထဲမှ ဩဝါဒအရ ချမ်းသာလိုလျှင် "ပတ္တမြားခေါင်းပေါ်ရွက်၍ ထမင်းစားရမည်။ ခေါင်းတစ်ရာရှိသော ငါးကိုစားရမည်။ နောက်ဖေးဈေးဆိုင် တည်ရမည်။ တစ်နေ့ အဝတ်သုံးခါလဲရမည်" ဆိုသော နည်းနိဿ အလိုအားဖြင့်ဆိုသော် မြေးငယ် မောင်မျိုးမင်းသည် တစ်နေ့ အဝတ်သုံးခါလဲသော ဆောင်ပုဒ်နှင့်တော့ ညီပေပြီ။

ယခု သူ့မိခင် မိသည် အလုပ်သင်ဆရာဝန်ဖြစ်ပြီးနောက် ရာထူးခန့်ထားသောစာကို စောင့်မျှော်ရင်း အိမ်တွင် အိမ်ကိစ္စကိုဝင်လုပ်ရ၏။ သူ၏ ပင်ကိုဝါသနာကလည်း ပိတ်စများ ဈေးကြီးပေးဝယ်ရချိန်တွင် လက်ခပေးရသောငွေထက် ပိတ်စကို စက်ဆိုင်သို့ပေးရခြင်းမှာ မတန်တဆပေးရသောကြောင့် ကတ်တလောက်များကိုကြည့်ကာ သူ့သားနှစ်ယောက်အတွက် ဝတ်စုံကို ကိုယ်တိုင်ချုပ်သည်။

ထိုအခါ ကျခါမှ မောင်မျိုးမင်း ပိုဆိုးလာ၏။

"မေမေ ချုပ်ပေးတာမှ ဝတ်မယ်"

mgyoe.com

mgyoe.com


"အေးလေ၊ ဒါ မေမေ ချုပ်ပေးတာပဲ"

"ကော်လံပါမှ၊ ကော်လံပါမှ"

"ကော်လံ မပါတာလည်း လှတာပဲ၊ ဒီမယ်ကြည့်စမ်း သိပ်လှတာပဲ"

"ဟင့်အင်း... ဂန်ဒူးနဲ့တူတယ်၊ ဂန်ဒူးနဲ့တူတယ်"

"အောင်မယ် ဂန်ဒူး၊ မင်းက ကြီးကျယ်လိုက်တာ၊ ဒီစကားလုံး ဘယ်ကရလဲ"

မပုလေးနှင့် မောင်မျိုးမင်းတို့ အချီအချပြောသံတို့မှာ ပိုမိုဆူညံလာ၏။

မိသည် သားများ၏ ရှပ်အင်္ကျီ ဘယ်ဘက်ရင်ပုံတွင် ဂေါက်သီးတံ၊ လေယာဉ်ပျံ အစရှိသော ပုံစံများကို တစ်ကြောင်းဆွဲ ဆွဲကာ ပန်းထိုး အပ်ချည်ရောင်စုံနှင့် ထိုးပေးပြန်သောအခါ မောင်မျိုးမင်း အော်သံတစ်မျိုး ပြောင်းလာပြန်တော့သည်။

"လေယာဉ်ပျံနဲ့ အင်္ကျီမှဝတ်မယ် မမပု"

"ဟဲ့... အဲဒီအင်္ကျီ လျှော်ထားတယ်"

"ပြပြ... ပြပြ"

"တယ်ရှည်တာကို၊ လေယာဉ်ပျံနဲ့အင်္ကျီ အဆင်သင့်ရှိရင်လည်း ဂေါက်သီးတံနဲ့ အင်္ကျီမှလို့ အော်ဦးမယ်၊ လူပုသလောက် ရှည်တယ်ဟဲ့"

မပုလေး ညည်းလျှင်လည်း ညည်းလောက်စရာပါပင်တည်း။ သို့သော် သူမသည် စိတ်ရှည်လက်ရှည်ပင် အဝတ်လျှော်သော ကုလားမ၏ လျှော်ထားသော အဝတ်များကို ပြသလိုက်၏။

ညဉ့်ဦးအိပ်ချိန်တွင်လည်း မောင်မျိုးမင်း၏ အကျင့်မှာ သူ့ကိုကို ကြီး ကျော်ကျော်ဝင်းနှင့် လုံးဝမတူပါချေ။

ကျော်ကျော်ဝင်းသည် သူမွေးကင်းစ နာနီနော်အဲမေမှ နောက်ဆုံး

mgyoe.com

mgyoe.com


နာနီနေ၁်တဲရေအထိ ည ၇ နာရီခွဲသည် တစ်ပြိုင်နက် သူ၏ ဖက်လုံး ကလေးကို ချိုင်းကြားညှပ်၍ လက်တစ်ဖက်တွင် ကွမ်းသီးလုံးလောက် ဝွမ်းစလေးကို ကိုင်တွယ်ကာ သူ့ခုတင်ရှိရာ အိပ်ခန်းသို့ ဝင်သွားတော့ သည်။ ည ၇ နာရီခွဲမှ အိပ်သည်မှာ မိုးစင်စင်လင်းမှ နိုးတော့သည်။ ယခုကျောင်းသွားချိန် အရွယ်ရောက်အောင်ပင် သားကြီးသည် တစ်ရက် တလေမှလွဲ၍ အချိန်မှန် အိပ်ရာသို့ဝင်၍ လက်မကိုစုပ်ကာ အိပ်တတ်၏။

မောင်မျိုးမင်းက မရ။ မွေးကင်းစ နို့ဘူးစို့ချိန်ကတည်းက ည၉သန်း ခေါင်ချိန်လောက်တွင် နို့တစ်ဘူး ထ၍စို့သည်။ သန်းခေါင်နို့ကို မစို့ရပါ လျှင် တိတ်ဆိတ်သော ကျွန်မတို့ အိမ်လေး၏ သန်းခေါင်ယံ ငြိမ်သက် ခြင်းကို မောင်မျိုးမင်း၏ ကျယ်လောင်စူးရှသောအသံသည် ဖြိုခွင်းတတ် ပါ၏။

ယခု နို့ဘူးလွတ်၍ စကားပြောတတ်ချိန် ရောက်သောအခါ သား ကြီးက အိပ်ရာသို့ ဝင်လေပြီ။ မောင်မျိုးမင်းကမူ ရှစ်နာရီလောက်တွင် ဘီစကစ် သို့မဟုတ် ပေါင်မုန့်နှစ်ချပ်လောက်ကို စား၏။

စားပြီးလျှင် အကျီအသစ် လဲတော့သည်။ ဘောင်းဘီရှည်ဝတ်၊ ဖိနပ်စင်မှခြေအိတ်ယူ၊ သူကိုယ်တိုင်စွပ်၏။ အဝတ်ဖိနပ် ကြိုးသိုင်းလေးကို မပုလေးအား စီးခိုင်း၏။ ကျွန်မက သူတို့နှစ်ဦး၏ လှုပ်ရှားမှုကို မသိမသာ ကြည့်နေ၏။ ပီအေအေ ခရီးဆောင်လက်ဆွဲအိတ် အပြာအသေးလေးကို လက်တွင်ကိုင်ကာ ထွက်လာ၏။

စတိုင်လ်နှင့်ဂိုက်နှင့် အိပ်ခန်းမှသည် ထမင်းစားခန်းသို့ ထွက်သွား၏။

"သားငယ်လေး ဘယ်သွားမလို့လဲ" ဟု ကျွန်မက မေး၏။

"ရုံးတက်မလို့လေ ဘွားဘွားရဲ့"

"သြော်... သားငယ်လေးတို့ရုံးက ည၉ ၈ နာရီမှ တက်ရတယ်လား"

"ဘွားဘွားကလည်း လေယာဉ်ပျံပျက်လို့၊ လေယာဉ်ပျံပျက်လို့

mgyoe.com

mgyoe.com


သိလား။ ဖော်ကာလေယာဉ်ပျံ အပျက်ကြီးကို သားက ဘိုရင်းဂျက်မောင်းပြီး ကြိုးနဲ့ချည်ဆွဲရမှာ" စကားပြောလျှင် အားရပါးရနှင့် ကျယ်ကျယ်လောင်လောင် ပြတ်ပြတ်သားသား ပြော၏။

ကျွန်မက ရယ်ချင်ပါသော်လည်း ဟန်ဆောင်ကာ သူနှင့်အတူ သူလုပ်သမျှ စိတ်ပါဝင်စားဟန်နှင့် ကြည့်နေလိုက်၏။

ထမင်းစားခန်းက ကုလားထိုင်တစ်လုံးပေါ်သို့ နောက်ပြန် တက်ထိုင်လိုက်သည်။

"ဝီ... အီ... အီ" အသံမှာ စူးရှလွန်းလှ၏။ တကယ်ပင် ဂ ား တစ်စီး စီး ရွံ့ထဲသို့ နစ်နေသောအခါ သို့မဟုတ် အမြင့်သို့ မတက်နိုင်၍ အမြင့်ဆုံး ဂီယာသွင်း၍ ကားကိုဆွဲတင်ရသော အသံမျိုး အသံကုန်အော်တော့သည်။ လည်ပင်းကြောများပင် ထောင်လာ၏။

"သားရဲ့ လေယာဉ်ပျံကလည်း မြည်လှချည်လား"

"ဘွားဘွားကလည်း လေယာဉ်ပျံကွင်း မရောက်သေးဘူးလေ၊ လေယာဉ်ပျံကွင်းသွားမလို့ မော်တော်ကားပေါ် တက်မောင်းမော်တော်ကားကလည်း အပျက်အစုတ် ပလုတ်တွေ မော်တော်ကားပြင်ရဦးမယ်"

မောင်မျိုးမင်းသည် ကုလားထိုင်ပေါ်မှ ခုန်ချလိုက်ကာ သူ့လက်ဆွဲအိတ်ပြာမှ သံချောင်းတစ်ချောင်းကို ယူလိုက်၏။ ကုလားထိုင်အောက်သို့ ပက်လက်လှန်ဝင်ကာ လူကြီးတွေ ကားအောက်ဝင်၍ တကယ်ကားပြင်သလိုပင် ကုလားထိုင်၏အောက် ကြိမ်ထိုးထားသော နေရာများကို သံချောင်းနှင့် ကလိပါတော့သည်။

"ကဲ... မပုလေး၊ နင့်ကောင် ဘယ်ဇာတ်ထုပ် ခင်းနေပြီလဲ"

"နေပေစေ စုစုမေမေ၊ သူလုပ်ချင်တာ မလုပ်ရရင် စောစောအိပ်မှာ မဟုတ်ဘူး"

မပုလေးက ပြန်ပြော၏။ တစ်ခါတစ်ရံ သူ့ဖေဖေပြန်လာချိန်ကို

mgyoe.com

mgyoe.com


စောင့်ကာ ညဥ့် ၉ နာရီထိုးမှပင် အိပ်၏။

"ဖေဖေ ဒီနေ့ ဂေါက်သီးပြိုင်ပွဲရှိတယ်၊ ညဥ့် ၉ နာရီမှ ပြန်လာမှာ၊ သားငယ်လေး အိပ်နှင့်နော်"

မပုလေးက ဘယ်လိုပင်ချော့ချော့ မရ။ သူ၏ အိပ်ရာဝင်ချိန်မှာ ၈ နာရီနှင့် ၉ နာရီကြားတွင် အမြဲရှိ၏။ ကျွန်မ၏အယူအဆအရ ကလေးငယ်တစ်ယောက်၏ အိပ်ရာဝင်ချိန်မှာ ၈ နာရီ ၉ နာရီဆိုလျှင် နောက်ကျလွန်းသည် ထင်ပါသည်။ ကျွန်မ အိမ်ထောင်ဦးစီးဖြစ်၍ ကျွန်မထင်သလိုလုပ်၍ မဖြစ်သေး။ မောင်မျိုးမင်း စရိုက်ကိုကြည့်၍ ကိုယ့်ပုံစံဝင်အောင် ဘယ်လိုလုပ်ရပါမည်လဲဟု စဉ်းစားရပြန်သည်။

ယခုထိတော့ သူ့အိပ်ချိန်သည် ၈ နာရီနှင့် ၉ နာရီအတွင်းသာ ဖြစ်နေသေး၏။ တိုင်းရင်းမေတို့ ယုဝတီ ဂျာနယ်တို့မှ ကြီးကြီးတို့ မမတို့ထံ စာရေး၍ အကြံဉာဏ် တောင်းရပေဦးမည်။

သားကြီး ကျော်ကျော်ဝင်းက ပုံနားထောင်တတ်သော အရွယ် ဖြစ်ရုံမက ပုံနားထောင်ဖို့ကိုလည်း ဝါသနာပါသောကြောင့် အိပ်ချိန် တစ်ခါတစ်ရံ နောက်ကျလျှင်တောင်မှ သူကြိုက်နှစ်သက်သော ပုံပြင် တစ်ခုခုကို ပြောပြလျှင် ငြိမ်သက်စွာ နားထောင်၍ ပုံပြင်ဆုံးလျှင် အိပ်ပျော်သွားတတ်သည်။

မောင်မျိုးမင်းကမူ ကျော်ကျော်ဝင်း ရေဒီယိုမှ ပုံပြင်လက်ဆောင် ခန်းကို နားထောင်နေလျှင် သူ၏ ကစားခန်းမှ မော်တော်ကားဟောင်း များကို ယူလာကာ အထက်က ရေးပြသလို တွင်တွင်သာ အော်တော့သည်။

"ဘွားဘွားရေ၊ ဖေဖေရေ၊ မေမေရေ၊ ညီလေးရယ် ရေဒီယိုနားမှာ လာဆော့နေတယ်၊ ဟောကောင် ကိုကိုကြီး ရေဒီယိုနားထောင်နေတယ်၊ သွားစမ်း"

သူသည် သူ၏ဖိမ်ယူခန်းပျက်၍ ညီငယ်ကိုအော်၏။ တစ်ခါ

mgyoe.com

mgyoe.com


တော့လည်း ဖိုးကျော်ဝင်းသည် ရေဒီယိုမှ ပုံပြင်လက်ဆောင်ခန်းကို နားထောင်ရင်းမှ အော်ခေါ်၏။

"ဘွားဘွား မြန်မြန်လာပါဦး"

"ဘာဖြစ်လို့လဲ သားကြီး၊ ညီလေးဆော့လို့လား"

"မဟုတ်ပါဘူး၊ ရေဒီယိုကို ပြန်အော်လိုက်စမ်းပါ၊ ပုံပြောတဲ့ မမက ပုံပြောတာ ပြီးသွားပြီ၊ မပြီးပါနဲ့ဦး ဆက်ပြောပါလို့"

ကျွန်မမှာ ယခုမှ သဘောပေါက်သွား၏။

"သားရဲ့ ရေဒီယိုဆိုတာ သားကြီးက ပြန်ပြောလို့မရဘူး၊ ရေဒီယို က ပြောတာကို သားသားကြီးက နားထောင်ရတာ၊ ပြီးတော့လည်း အချိန်ကန့်သတ်ပြီး သူ့အချိန်နဲ့ကိုက်အောင် ပုံပြောတဲ့ မမကလည်း ပုံအတိုအရှည်ကို ရွေးရတယ်၊ ပြီးတော့လည်း သားကြီးပုံကြိုက်ပေမယ့် တချို့က သီချင်းကြိုက်တာကို တခြားလူကြီးတွေ မမတို့ ကိုကိုတို့ အကြိုက်ကိုလည်း ရေဒီယိုက လွှင့်ပေးရသေးတယ်"

"ဒါဖြင့် ဘွားဘွား၊ သားကြီး အိပ်ခါနီးရင် ပုံရှည်ရှည်ပြောပြ ရမယ်"

"အေး၊ ပုံရှည်ရင် တစ်ပုံပဲပြောမယ်၊ ပုံတိုမှ နှစ်ပုံပြောမယ်"

အဘယ်ကြောင့် ထိုစကားကို ကျွန်မဆိုရသနည်းဆိုသော် သားကြီး ကျော်ကျော်ဝင်းသည် အိပ်ချိန်နီးကပ်လာလျှင် "ဘွားဘွား"ဟုခေါ်၍ လက်ညှိုးနှစ်ချောင်းထောင်ပြ၏။ အဓိပ္ပာယ်မှာ ပုံနှစ်ပုံ ပြောပြပါ ဟူသော အဓိပ္ပာယ်ဖြစ်၏။ ဘွားအေဖြစ်သူ နန်းမတော်မယ်ယုကလည်း တစ်ခါတစ်ရံ ကျန်းမာရေးက မပြည့်စုံ၍ ပုံတစ်ပုံပြောဖို့ အချိန်ကလေး မျှတောင် အားမယူနိုင်ပါပေ။ ထို့ကြောင့်ပင် တိုလျှင်နှစ်ပုံ၊ ရှည်လျှင် တစ်ပုံဟူ၍ ဈေးဆစ်ရပါသည်။

"ပုံပြောကောင်းသော မိန်းကလေး" ဝတ္ထုကို ရေးသည့် ခင်နှင်းယု

mgyoe.com

mgyoe.com


သည် ယခုသော် ပုံပြောကောင်းသော ဘွားဘွားဖြစ်လာရပြန်သည်။ သို့သော် မလွယ်ပါချေ။

"ဘွားဘွား ပုံပြောရင် အစပ်ကလေး ထည့်ပေးပါ" သားကြီးက ဆို၏။

"ဟင် မင်းကလည်း လက်သုပ်စားတာ ကျနေတာပဲ၊ အစပ်ကလေး ထည့်ပေးပါ၊ အချဉ်ကလေး ထည့်ပေးပါနဲ့"

"ဘွားဘွားကလည်း အစပ်ဆိုတာ ဆိတ်ကလေးရယ်၊ မျောက်နဲ့ ဝက်ဝံရယ်၊ မိကျောင်းရယ်၊ ခြင်္သေ့ရယ် အဲဒီ အစပ်ကလေးတွေလေ၊ ထည့်ပေးပါ"

သူဆိုလိုသည်မှာ ပုံတစ်ပုံတွင် မျောက်နှင့်မိကျောင်းသာပါသည် ဆိုပါစို့၊ သူကြိုက်သော ဆင်နှင့်ကျား၊ သို့မဟုတ် ကျွဲနှင့်ဆိတ်ကလေး များကို ပုံထဲတွင် ထည့်သွင်း၍ စပ်ဟပ်ပြီးပြောပါဟု ဆိုလိုရင်းဖြစ်၏။

ယခုအခါတွင် နိုးကြားလာပြီဖြစ်သော မောင်မျိုးမင်းကလည်း သူ၏ဆန္ဒကို ဖော်ပြဟစ်ကြွေးလာတတ်ပါ၏။

"ဘွားဘွား ကိုကိုကြီးရဲ့ ပုံထဲမှာလေ ပင့်ကူကိုလည်း ထည့်ပေး ပါနော်"

သူက စကားဆိုလာ၏။ အမှန်တော့ မောင်မျိုးမင်းသည် လူသား တို့ ထုံးစံအတိုင်း ကြောက်သည့်နေရာကို ပိုသွားချင်၏။ တချို့လူများ ဖြစ်တတ်၏။ မှောင်ထဲမှာ သရဲရှိသည်ဆိုပါမှ မှောင်ထဲကိုသာ ကြည့် ချင်၏။ ယခုလည်း သူကြောက်သော ပင့်ကူအကြောင်းကို ကြားလို၏။ မြင်လို၏။

ကျွန်မသည် မြေးနှစ်ယောက်ဆန္ဒ တစ်ပြိုင်နက်တည်း ပြည့်ပါ စေခြင်းအကျိုးငှာ အကြီးကောင်ကြိုက်သည့် ဆင်နှင့်ကျွဲ၊ မောင်မျိုးမင်း ကြိုက်သော ပင့်ကူကို ရောစပ်၍ ကျွန်မစိတ်ကူးတည့်ရာ ဇာတ်လိုက်၊

mgyoe.com

mgyoe.com


မြွေနှင့်ဖားပါ ထည့်သွင်းပြီး ပုံပြင်သစ်ရှည်ရှည်ကို တီထွင်၍ ပြောရပါတော့သည်။ သူတို့ ကြိုက်နှစ်သက်သော အခန်းတွင် ညီအစ်ကိုနှစ်ယောက်အားရပါးရ ရယ်မော၍ ကြောက်ရွံ့သောအခန်းသို့ ရောက်လျှင်တော့ ဘွားအေကျောနားကို ကပ်လာပါတော့သည်။

ပုံဆုံးလျှင် ဖိုးကျော်ဝင်းသည် နှစ်ခြိုက်စွာ အိပ်ပျော်ပေပြီ။ မောင်မျိုးမင်းကတော့ မျက်လုံးအကြောင်သားနှင့်။

"ကဲ ဘယ်လိုလုပ်ပါ့"

မပုလေးတစ်ယောက် တစ်နာရီပဲ သက်သက်သာသာ နားဖြင့်အေးပါစေ သဘောနှင့် ပုံပြောရင်း ကလေးကူထိန်းပေးပါသော်လည်း မောင်မျိုးမင်းကတော့ သူ့ဝါသနာကိုမလျှော့။

တကယ်တမ်း စဉ်းစားကြည့်ပါ။ အလုပ်ဝတ္တရား၊ လခကြောင့်သာ နေရပါသော်လည်း တစ်ခါတစ်ရံ ကတ်သီးကတ်သတ်နိုင်လှသော အကျင့်တစ်ခုခု ကလေးတိုင်း၌ ပါလာတတ်ရာ ကလေးထိန်း မိန်းကလေးများအတွက် စိတ်မရှည်စရာပါပင်တည်း။ မပုလေး ချစ်စရာကောင်းသည်က စိတ်မရှည်သည့် အထဲကပင် မောင်မျိုးမင်း ဂျီတိုက်သည်ကို သည်းခံ၍ ပခုံးထမ်းကာ ချော့၍ သိပ်ပါသည်။

နံနက်လင်းလျှင်လည်း မောင်မျိုးမင်းသည် အစောကြီးထတတ်၏။ ညဦးဦးတွင် သူ့အိပ်ရာဘေးတွင် စီ၍ထားတတ်သော ကစားစရာ ပလတ်စတစ်၊ မော်တော်ကား၊ လေယာဉ်ပျံ၊ အရုပ် အထူးသဖြင့် သူညမအိပ်ခင်က ဝတ်သော ယောပုဆိုးအနက်များကို အိပ်ရာနိုးချိန်တွင် တွေ့လျှင်တွေ့ မတွေ့လျှင် ကျွန်မအခန်းသို့ ကူးလာကာ မေးတတ်၏။

"ဘွားဘွား၊ သားရဲ့ပုဆိုးရော"

"မပုလေး လျှော်ထားတယ် ထင်ပါရဲ့ကွယ်"

သူသည် မပုလေးထံသို့ ပြန်သွား၏။

mgyoe.com

mgyoe.com


"ပုပု၊ ဒီပုဆိုးကို ဘယ်သူကလျှော်ခိုင်းလို့ လျှော်ရတာလဲ"

"ညစ်ပတ်နေလို့ လျှော်ရတာပေါ့"

သူသိပ်ဝတ်ချင်သည်ဆို၍ ပုဆိုးတစ်ထည်သာ ချုပ်ပေးထားခြင်း ဖြစ်၏။ ထိုပုဆိုးကို စိတ်ဝင်စားနေပြန်လျှင် မချွတ်တမ်းဝတ်သည်။ အင်မတန်ချမ်းအေးသော နေ့များတွင် ရေချိုးခိုင်း၏။ အနွေးထည်ကို မဝတ်။ ဖလန်နယ်စောင်များ၊ အနွေးစောင်များကို မခြုံ။ ပူအိုက်နေ့များ တွင်မူ ဆောင်းဘီ၊ အကျီလက်ရှည်နှင့် ထွေးထွေးနွေးနွေး နေပါတော့သည်။

လွန်ခဲ့သော ဆောင်းရာသီက အအေးထု ကြီးလာသည့်လ ဖြစ်သည်။ သူတို့ ညီအစ်ကိုနှစ်ယောက်ကို ဖလန်နယ်၊ အနွေးထည်များ ဝတ်ကာ ခြံထဲသို့ လွှတ်ထားလိုက်၏။ ကလေးများ တိတ်ဆိတ်နေကြ သည်။

"မပုလေး၊ သားကြီးတို့ သားငယ်တို့ တိတ်ဆိတ်နေတာပဲ၊ ဘယ် ရောက်နေလဲ၊ ခြံထဲလျှောက်ကြည့်စမ်း"

မကြာခင် အလုပ်သမားတန်းလျား ရေချိုးခန်းဘက်ဆီမှ မပုလေး အသံကြားရ၏။

"စုစုမေမေ လာခဲ့ပါဦး"

ကျွန်မ သွားကြည့်သောအခါ ညီအစ်ကိုနှစ်ယောက် အပေးအယူ တည့်နေကြ၏။ အကို၏ ဖလန်နယ်အကျီကို ညီကလျှော်ပေး၏။ ညီငယ်၏ ဖလန်နယ်အကျီကို အကိုက လျှော်ပေး၏။ စိတ်ရှိလက်ရှိ ရေကစားထား၍ ညီအစ်ကိုနှစ်ယောက်စလုံး ရွှဲရွှဲစိုနေသည်သာမက မောင်မျိုးမင်း နှုတ်ခမ်းများ ပြာနေတော့သည်။ ဘုရား၊ ဘုရား ကျွန်မ ရင်ထဲတွင် အဆုတ်များ အအေးပပ်သွားမည်လား စိုးရိမ်မိ၏။ လူလည်လေးနှစ်ယောက်သည် သူတို့အပြစ်ကို သူတို့သိ၏။ ဘွားအေကို ပြုံးရယ်ကာဆီး၍ကြို၏။

mgyoe.com

mgyoe.com


"သားတို့ အဝတ်တွေ ဖွတ်နေတာ"

မောင်မျိုးမင်းက ပြော၏။ မျက်နှာလိုမျက်နှာရ ဆီးကြိုပြောပြရှာပါ၏။

"အေးပေါ့၊ အဝတ်ဖွတ်တာတော့ ဘွားဘွား သဘောကျပါတယ်။ လူတွေ ခိုက်ခိုက်တုန် အေးနေချိန်မှာ လူကြီးတွေမသိဘဲ ရေဆော့ ရေချိုးတဲ့အတွက် ဖင်ကုန်း" ညီအစ်ကိုနှစ်ယောက်စလုံးကို ခပ်စပ်စပ် နှစ်ချက်စီ ရိုက်လိုက်ပါသည်။ မပုလေးကို မျက်နှာသုတ်ပဝါ ယူခိုင်းကာ နှစ်ကောင်လုံး ကို မြန်မြန်ပွတ်တိုက်၍ အိမ်ထဲခေါ်သွားကာ အနွေးထည်ဝတ်ပေးရ၏။

တော်ပေသေး၏။ သူတို့ အအေးမပပ်ကြပေ။ ညနေ သူတို့မိခင် မိကျော်သောင်း ပြန်လာသောအခါ ကျွန်မ မောင်မျိုးမင်းတို့ ညီအစ်ကို အကြောင်း ပြောပြ၏။

"ဒါကြောင့်မို့လို့ပေါ့ မိကလေ ကိုကို အိမ်မှာမရှိတုန်း သူ့သားတွေ နေပုံထိုင်ပုံကို ရုပ်ရှင်ရိုက်ထားချင်တယ်။ သူပြန်ချိန်နဲ့ ယှဉ်ပြီးတော့ ပြချင်တယ်။ ဟင်း သူတို့အဖေ ပြန်လာချိန်ဆို ဝါတော်ရှစ်ဆယ်ရ မထေရ်ကြီးတွေ ရဟန္တာတွေ ကျနေတာပဲ"

မှန်၏။ သူတို့အဖေကို ကြောက်လိုက်ကြသည့် ဖြစ်ခြင်း။ အဖေ၏ ကားဟွန်းသံ ကြားသည်နှင့် တစ်ပြိုင်နက် ကြောင်သံကြားသော ကြွက်ကလေးများသဖွယ် ငြိမ်သက် တိတ်ဆိတ်သွား၏။

သူတို့အဖေသည် သူ့သားများ သောင်းကျန်းသည်ကိုမသိ တစ်နေ့တော့ မောင်မျိုးမင်းသည် ရိုက်ကြီးတငင်ငိုကာ ကျွန်မအိပ်ခန်းသို့ ပြေးဝင်လာ၏။ သူ့ခြေထောက်တွင် ရေများရွှဲရွှဲစိုနေသည်။

"ဘွားဘွား၊ ဖေဖေ သားဖင်ကိုရိုက်တယ်၊ ရိုက်တယ်"

"ဟောတော့် ပြစမ်း"

mgyoe.com

mgyoe.com


"ဖင်ကြီး တစ်တောင်လောက် ပြဲသွားပြီ"

"ဘာဖြစ်လို့ရိုက်တာလဲ"

"ရေမြောင်းထဲမှာ ဆော့နေလို့'

မကောင်းသော ရေများ စီးကျသော အုတ်စီရေမြောင်းထဲတွင် မဆော့ရ ဝဲပေါက်တတ်သည်ဟု သူတို့အဖေက ပြောထား၏။ ကား မပါဘဲ အပြင်က ပြန်လာချိန်တွင် ကစားသောစိတ်ဇော အရှိန်လွန်နေသည့် မောင်မျိုးမင်းသည် အဖေလာသည်ကိုမသိ။ အဖေနှင့် ရုတ်တရက် အတွေ့တွင် အရိုက်ခံရခြင်းဖြစ်သည်။ ကျွန်မက "ကဲဟော့ ဘယ်သူရှိလဲ မီအခန်းထဲက အပ်ချည်နဲ့အပ်ရယ် ဆေးအနီလေးရယ် ယူခဲ့ကြ"

"ဘွားဘွား ဘာလုပ်မလို့လဲ"

"သားငယ်လေးဖင် ဖေဖေရိုက်လို့ ပြဲသွားပြီဆို၊ ဒီတော့ ဘွားဘွား လည်း ဆေးကုတတ်တယ်။ အနာကို ဆေးအနီရည်လေးထည့် ပြဲနေတာ ကို အပ်နဲ့ချုပ် အနာပျောက်ရော"

သူတို့သည် ဆေးအနီရည်ဆိုလျှင် တင်ချာမှန်းသိ၍ အလွန် ကြောက်၏။

"ဘွားဘွား အနာပျောက်သွားပြီ၊ ဆေးထည့်ရင်လေ အဖြူရည် ထည့်နော်"

ငိုသံလည်း ချက်ချင်း ပျောက်သွားတော့သည်။

ကလေးများတွင် ကောင်းသောအကျင့် ရှိသလို ကတ်သီးကတ်သတ် မကောင်းသော အကျင့်များလည်း ရှိတတ်၏။ အချိန်အရွယ်အလျောက် အသိဉာဏ် တိုးတက်လာသောအခါ တစ်မျိုးပုံစံ ပြောင်းလဲလာ၍ စိတ် သက်သာရာ ရလာရပါသည်။ သို့မဟုတ်လျှင်မူကား ရှုးဖွယ်ရာပင်တည်း။

ယခင်နှစ်များကဆိုလျှင် ထွန်းအောင်ကျော်ကလည်း မော်ဘီတွင် အနေများသည်။ ရှေ့တန်းတွင် တစ်လလောက်ကြာသည့်အခါလည်း

mgyoe.com

mgyoe.com


ရှိသည်။ မိကလည်း အလုပ်သင်ဆရာဝန်ဖြစ်၍ (ဘီအမ်အိပ်ချ်) မင်္ဂလာဒုံ စစ်ဆေးရုံကြီးတွင် တာဝန်ကျနေ၏။ မိဘနှစ်ဦးလုံး အိမ်နှင့် အဆက်အသွယ် ပြတ်နေကြ၏။ ထိုအခါတွင် ကလေးထိန်းများ ဘယ်လိုပင်ရှိရှိ ကျွန်မ စိတ်မောလှပါသည်။ ကျွန်မ ကျန်းမာရေးအခြေအနေကလည်း သူတို့နှစ်ကောင်ကို ရိုက်သင့်သောအခါတွင် ရိုက်ပြီးလျှင် သိမ်ဖြူဆရာတော်၏ နှလုံးအားဆေးကို သောက်ကာ အိပ်ရာပေါ်တွင် တစ်နေ့လောက်ကို နားနေရသည်။

"လာခြင်းကောင်းသော လူကလေး" ကျော်ကျော်ဝင်းသည် လာခြင်းတော့ ကောင်းပါ၏။ သို့သော် နေခြင်းကောင်းရန် လိုပါသည်။ ကျော်ကျော်ဝင်းသည် "ကမြင်းကောင်းသော လူကလေး" ဟု ပြောလောက်အောင်ကို လက်လက်စင် ဆော့၏။

ယနေ့ သတင်းစာများကို ဖတ်ရင်း ဆိုးသွမ်းလူငယ်များ အကြောင်းဖတ်ရတိုင်း စိတ်မကောင်းဖြစ်ရ၏။ ဆိုးသွမ်းလူငယ်များသည် ၇၅% လောက်က မျက်နှာကြီး သားသမီးများဖြစ်ကြ၏။ အမှန်တော့ ရဲဆိုသော အရာရှိပုဂ္ဂိုလ်များမှာ အမည်ကသာ ရဲဆိုလို့ရဲရသည် တခြားဌာနမှ မျက်နှာကြီးပုဂ္ဂိုလ် အရာရှိများကို ငယ်ကြောက်ဖြစ်နေကြရသည်။

လူငယ်တို့ကလည်း မိခင် ဖခင်များရှေ့မှောက်တွင် ရဟန္တာအသွင် ဖမ်း၍ ကွယ်ရာတွင် မျိုးစုံသောင်းကျန်းကြသည်။ ဖမ်းရသောရဲများကလည်း ဖမ်းဆို၍သာ ဖမ်းရသည်။ အရာရှိကြီးများ မျက်နှာပြလိုက်လျှင် သားတော်ရွှေသွေးတို့ကို ထုတ်ပေးလိုက်ရသည်။

ယခုတော့ ကူးစက်လွယ်သော မကောင်းမှု ရောဂါမှာ လူငယ်ပိုင်းကို အမြန်ဆုံး ကူးစက်လာ၏။ ဒုစရိုက် စပါးကြီးမြွေသည် "ငါ့သမက်ကလေး ကျီစား အလကားပါဟဲ့" ဆိုရင်းကမှ လူငယ်တို့၏ လည်ပင်းရောက်အောင် မြိုလာတော့ပြီ။ ယခုတော့မှ မြွေမသေ

mgyoe.com

mgyoe.com


တုတ်မကျိုး လမ်းစဉ်နှင့်မရ စပါးကြီးမြွေ ရင်ကိုခွဲ၍ လူငယ်တို့ကို ဆွဲထုတ်ရမည့် သွေးထွက်ဓာတ်လမ်း ခင်းရတော့မည်။

"ဘုရား... ဘုရား မြေးငယ်လေးတို့ ကြီးပြင်းလာမည့် တစ်ချိန်မှာ ဒီလိုခေတ်နှင့် ကြုံမှဖြင့်" တွေးတောရင်း ပူပန်တတ်သော ကျွန်မသည် စိတ်မောလှ၏။

— ထို့ကြောင့် ဘယ်သို့ပင် ကလေးစိတ်ပညာရှင်တို့က ကလေးများကို ရိုက်နှက်၍ မဆုံးမရဆိုသော်လည်း အခြေအနေကိုလိုက်၍ ရိုက်သင့်သော အခါတွင် ရိုက်ရ၏။ ပုံပြောသင့်သောအခါတွင် ပုံပြောပြရ၏။ သူတို့၏ စရိုက်ကို ပုံစံပြောင်းယူရသော ကိစ္စမှာ မလွယ်ပါ။

သားငယ်လေး မောင်မျိုးမင်းသည် သူ့အစ်ကို ကျော်ကျော်ဝင်းကဲ့သို့ လာခြင်းကောင်းခဲ့ပါ၏။ ရှေ့လျှောက် နေခြင်းကောင်းဖို့ဆိုသော ကိစ္စမှာ ကလေးငယ်နှစ်ယောက်လုံးအတွက် အရေးကြီး၍ လာခဲ့ပါပကော။

ထွန်းအောင်ကျော် တစ်ယောက်ထဲတွင်ပင် ကလေးတို့၏ ဖခင်အဖြစ် တာဝန်လုံးဝရှိသည်ဟု မဆိုသာ။ မိခင်ဖြစ်သူ မိကျော်သောင်းတွင်လည်း တာဝန်ရှိသည်။

ကျွန်မ အဘွားဖြစ်သူတွင်လည်း ကျန်းမာရေးမကောင်းဟူ၍ မျက်နှာလွှဲနေ၍လည်း မဖြစ်တော့ပါချေ။

သားကြီးကျော်ကျော်ဝင်း နိုးကြားလာစက ကျွန်မ မကြိုက်သော အကျင့်သုံးခုရှိသည်။ သူမွေးဖွားလာချိန်တွင် သူ၏ပထမဆုံး ယောကျ်ားလေး ကစားဖော်မှာ ပီကြူး (နန္ဒဝန်စာပေ မောင်ခင်မောင်၏သား) ဖြစ်သည်။ အနီးကပ်ဆုံး ယောကျ်ားကြီးများမှာ သူ့ဘဘ ဦးပုံစံ၏ ရဲဘော်မောင်တင်အောင်နှင့် မောင်ကျော်ဇောဖြစ်သည်။ သူတို့သုံးယောက်ကို ဖိုးကျော်ဝင်းတွေ့သည်နှင့် တစ်ပြိုင်နက် အတင်းပြေး

mgyoe.com

mgyoe.com


ဖက်ကာ ဖက်လှဲတကင်း သတ်၍ပုတ်၍ ဆော့သည်၊ ခြေဖမိုးကိုနင်းသည်၊ သူတို့ရှပ်အင်္ကျီအိတ်ထဲမှာ ဘာပါပါ တစ်ခုမကျန် ယူကြည့်သည်။ အတင်းလုတတ်သည်။ ထိုအပြုအမူကို ကျွန်မ မကြိုက် သူတစ်ပါးကို နာကျင်အောင်လုပ်ပြီးမှ ပျော်တတ်သော အကျင့်ဖြစ်သည်။ ထို့ကြောင့် ကျော်ကျော်ဝင်းကို တံခါးပိတ်ကာ ခပ်စပ်စပ် ရိုက်လိုက်ရပါသည်။

နောက်တစ်ခုမှာ ဧည့်သည်တစ်ယောက် ယူလာသော ပန်းသီးကို အတင်းလုရုံမက မရ၍ ကြမ်းပြင်ပေါ်တွင် လူးလိမ့်ငိုပါသည်။ ထိုအမူအရာကို ကျွန်မ လုံးဝမကြိုက် ဧည့်သည်ပြန်လျှင် တံခါးပိတ်၍ ကျော်ကျော်ဝင်းကို မှတ်လောက်အောင် ရိုက်ထားရသည်။

အဘယ့်ကြောင့် တံခါးပိတ်၍ ရိုက်ရသနည်းဆိုသော် ကျော်ကျော်ဝင်းသည် ကြီးပြင်းလာသည်နှင့်အမျှ အရပ်ရှည်၍ အပြေးသန်လာသည်။ အလွန်လည်း လက်ချောင်းလေးများ သန်စွမ်း၏။ ထို့ကြောင့် သူရုန်းကန် ပြေးထွက်မသွားနိုင်အောင် တံခါးပိတ် ရိုက်ရခြင်း ဖြစ်သည်။ သူ့ကို ကျောင်းထားစက သူငယ်ချင်းတစ်ယောက်ထံမှ မုန့်တစ်ခါ လုစားသည်ကလွဲ၍ နောက်ထပ် ကျော်ကျော်ဝင်းသည် မုန့်လုစားခြင်း၊ ဧည့်သည်ရှေ့တွင် ဣန္ဒြေပျက်အောင် အစားကြောင့် ငိုကြွေးခြင်းများ မပြုပါတော့ချေ။ တော်ပါသေး၏။

သို့မဟုတ်လျှင်မူကား ကလေးစိတ်ပညာရှင် ယုဝတီအစ်မကြီးတို့ထံ စာရေး၍ မေးရမည့်အတတ်ပါပေတည်း။

တတိယအကြိမ်ကမူ ကျော်ကျော်ဝင်းကို သူ့ဖခင် ထွန်းအောင်ကျော်သည် ကိုယ်တိုင်ရိုက်၏။ သူတို့ဘဘ (ထွန်းအောင်ကျော်ဖခင်) လာလည်၍ ပြန်ခါနီးတွင် ကန်တော့ခိုင်းသည်ကို မကန်တော့။ ထွန်းအောင်ကျော်သည် မှတ်လောက်အောင် ရိုက်သည်။

ယခုတော့ ဘုန်းကြီးများကို လမ်းပေါ်လျှောက်သွားသည်ကို တွေ့

mgyoe.com

mgyoe.com


လျှင်ပင် ကျော်ကျော်ဝင်း ဦးချတတ်လေပြီ။ ညဥ့်အိပ်ရာဝင်ချိန်တွင်လည်း ကျွန်မသင်ကြားထားသည့်အတိုင်း ရတနာသုံးပါးကို ရှိခိုး၊ အနန္တောအနန္တငါးပါးကိုရှိခိုး၊ တစ်နေ့တစ်ရက် တစ်မနက်ကြီးသူများကိုရှိခိုး၍ နောက်ဆုံး "အားလုံးသော သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ" ဟု ဆုတောင်းမေတ္တာ ပို့သပြီးမှ အိပ်ပါတော့သည်။

မောင့်ပုလဲဆင့်လမ်းရှိ မူလတန်းကြိုကျောင်းတွင် ထားစကမှု ညတစ်ညတွင် ကျော်ကျော်ဝင်းသည် အိပ်ရာဝင်ချိန်၌ စကားအဆန်းတစ်ခု ပြောပါသည်။

"ဘွားဘွား၊ အဥ္စလီဆိုတာ သိလား"

"မသိဘူးသားကြီး၊ သားသိရင် ဘွားဘွားပြောပါဦး" ကျွန်မက မသိဟန်နှင့် သူ့ကိုမေးလိုက်၏။

"ဆရာမကပြောတယ်၊ ဟောဒီလိုရှိခိုးတာ အဥ္စလီတဲ့" ဆို၍ ထိခြင်းကြီးငါးပါးနှင့် ရှိခိုးပြပါသည်။ ကျွန်မမှာ များစွာ ဝမ်းသာကြည်နူးခြင်းဖြင့် မောင့်ပုလဲဆင့်မူကြိုကျောင်းမှ ဆရာမလေးများအား ကျေးဇူးတင်မိပါသတည်း။

အော် သားငယ်လေးတို့ နေခြင်းကောင်းသော လူကလေးများဖြစ်ဖို့ရာတွင် ကျောင်းမှ ဆရာဆရာမများ တစ်ကဏ္ဍပါဝင်လာသည်ကို ကျွန်မမျက်မြင် အထင်အရှား တွေ့လာရပါသည်။

"ဝုန်း..."

သားကြီးကိုကြည့်၍ အဘွားဖြစ်သူ ကြည်နူးနေဆဲ မောင်မျိုးမင်း ဘယ်ကရောက်လာသည်မသိ ဝုန်းခနဲ ခုတင်ပေါ်ရောက်လာသည်။

"အလို ဘယ်လိုဖြစ်လာတာလဲ"

စောစောကပင် သူ့အစ်ကိုရှိခိုးပုံနှင့် သူ့အဘွား ကြည့်နေပုံကို မောင်မျိုးမင်း ကြည့်နေဟန်ရပါသည်။

mgyoe.com

mgyoe.com


"ဘွားဘွား ရှိခိုးတယ်ဆိုတာ ဒီလိုရှိခိုးရတာနော်" ဟုဆိုကာ ဘာမပြောညာမပြော ခေါင်းအုံးပေါ်လက်အုပ်ချီ၍ ဖင်ဘူးတောင်းထောင်ကာ တစ်ပတ် ကျွမ်းချလိုက်သည်မှာ ဒိုင်းခနဲမြည်၍ ခုတင်ခေါင်းရင်းရှိ သစ်သားဘောင်နှင့် ဆောင့်လိုက်ပါတော့သည်။ မောင်မျိုးမင်း မငိုပါ။

"အေး မင်းငယ်သေးလို့ ရှေ့နှစ်ကျရင်တော့ မောင်မျိုးမင်း ဒီလိုရှိခိုးရင် ပေတံစာပဲ"

ကျွန်မပြောသည်ကို မောင်မျိုးမင်း နားမလည်သေးပါ။

O

mgyoe.com

mgyoe.com

## တံခါးအဝ

ပုံပြောကောင်းသော ဘွားဘွားမှာ ပုံပြင်များကို စဉ်းစားဖို့အလုပ်က ပိုလာပြန်သည်။ စာကောင်းစွာ ဖတ်တတ်ပြီဖြစ်သော မူလတန်းအထိ ကျောင်းသားအရွယ်လောက်ကို ပုံပြောရသည်မှာ မခက်၊ မိမိက သိရှိစေလိုသော အကြောင်းအရာများကို အုပ်ထိန်းသူများက သက်ဆိုင်ရာ စာအုပ်များကို ရွေးချယ်၍ ပေးဖတ်ကာ စာအုပ်ဖတ်ပြီးမှ ဆွေးနွေးရလျှင်လည်း လွယ်ကူပါသည်။

ကျော်ကျော်ဝင်းတို့အရွယ်က မလွယ်၊ အထူးသဖြင့် မောင်မျိုးမင်းက သာ၍မလွယ်ပါ။ ကျော်ကျော်ဝင်းက ၆ နှစ်သားအရွယ်တွင် မောင်မျိုးမင်းက သုံးနှစ်ပြည့်လေပြီ။ အရွယ်ချင်းကကွာ၍ အသိစိတ်ချင်းကွာခြားနေသော ကလေးငယ်နှစ်ယောက်၏ ဆန္ဒကိုညှိ၍ ပုံပြောရသော ဘွားဘွားတွင် ပုံပြင်ရွေးချယ်ရသည်မှာ မလွယ်လှ။

ကျွန်မသည် လက်တွေ့ကလေးထိန်းနည်း သို့မဟုတ် လက်တွေ့ကလေးများစိတ်ဓာတ်ကို ကွင်းဆင်းလေ့လာသူဖြစ်၍ လာတော့သည်။

ကျော်ကျော်ဝင်းတို့အရွယ်တွင် ပုံပြင်များ၏ ဇာတ်လိုက်ဇာတ်ကောင်လေးများမှာ လူသားများထက် တိရစ္ဆာန်များ ဥပမာ ဆင်၊ ကျား၊ ခြင်္သေ့၊ ဖား၊ မြွေ၊ သမင်များ၊ မြေခွေး၊ ငှက်ငယ်လေးများ ပိုမိုဖြစ်စေ

mgyoe.com

mgyoe.com


လိုကြောင်း သိရှိလာရသည်။

ထို့ကြောင့်ပင် ထင်ပါသည်။ ကျွန်မတို့ငယ်ငယ်က ဖတ်စာများတွင် ၄ တန်းလောက်ရောက်မှ အင်္ဂလိပ်လိုရော မြန်မာလိုပါ လူသားဇာတ်ကောင်များအကြောင်း များများပါသည့် ပုံပြင်များကို ဖတ်ရပါသည်။

ကျွန်မတို့ငယ်ငယ်က ကျောင်းများတွင် ပုံပြောဆရာမ သတ်သတ် ထားရှိပါသည်။ ကျော်ကျော်ဝင်းလိုပင် ပုံပြင်ကိုနှစ်သက်သော ကျွန်မတို့သည် ပုံပြောဆရာမကို ချစ်ကြသည်။ အသံတိုးတိုး သာသာနှင့် ပုံပြောသော ဆရာမလေးမှာ အလွန်လှသည်ဟု ထင်ရုံမက ပုံကိုလည်း မဆုံးစေချင်ပေ။ ကျော်ကျော်ဝင်းသည်လည်း ထိုကဲ့သို့ပင် ရှိချေလိမ့်မည်။

တစ်ခါ ဘာပုံပြင်ပြောရမလဲဟု စဉ်းစားရင်းမှ ကျွန်မ သူငယ်ချင်းတစ်ယောက်နှင့် တွေ့ခဲ့သော တစ်ချိန်ကို သတိရမိ၏။ ကျွန်မသူငယ်ချင်းမှာ စာရေးဆရာမဟုတ်၊ သို့သော် နိုင်ငံခြားစာပေများကို ခဏခဏ ဘာသာပြန်တတ်သည်။ အောင်မြင်သောအခါလည်းရှိ၏။ မအောင်မြင်သောအခါလည်းရှိ၏။ အထူးသဖြင့် သူသည် ကျွန်မလိုပင် ဂျပန်ခေတ်တွင် အရွယ်ရောက်လာသူတစ်ဦးဖြစ်သည်။ တစ်ခုကွာသည်က သူက ဂျပန်စကားနှင့် ဂျပန်စာကို လွယ်ကူစွာတတ်မြောက်လွယ်၏။ ကျွန်မကမူ ဂျပန်စာသင်တန်းကို အာရှလူငယ် အစည်းအရုံးတွင် ဉာဏဗလမှူးလုပ်စဉ်က တာဝန်ယူ ဖွင့်လှစ်ပေးခဲ့၏။ သင်တန်းအောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ပါသော်လည်း ကျွန်မကိုယ်နှိုက် ဂျပန်စာကို တစ်လုံးမှမတတ် သင်၍လည်း မရခဲ့ပေ။ ဘာကြောင့်ဟူ၍ မပြောတတ်ပါ။

ကျွန်မသူငယ်ချင်းသည် ဂျပန်စကားပြန်လုပ်နိုင်ရုံမက ဂျပန်စာပေမှ ဝတ္ထုပုံပြင်များကို မြန်မာဘာသာသို့ ပြန်ဆိုတတ်၏။ ချီးကျူး

mgyoe.com

mgyoe.com


စရာပင်တည်း။ သူကိုယ်တိုင်ကပင် ဂျပန်၏ရိုးရာဓလေ့များကို အလွန်နှစ်သက်၏။

သူနှင့်ကျွန်မ တလောကနှစ်ယောက်တည်းဆုံရာတွင် သူက ပြောပါသည်။

"ဂျပန်ပုံပြင်ကလေးတစ်ခု ကိုယ်ဘာသာပြန်ပြီး ပို့လိုက်တာ သူတို့က လက်မခံဘူး"

ဘယ်သူ့ဆီပို့သည်ကိုတော့ ကျွန်မမသိပါ။ ပုံပြင်၏ ရည်ရွယ်ချက်မှာတော့ မိဘစကားနားထောင်သော ဂျပန်ကလေးငယ်တစ်ယောက်၏ စွန့်စားခန်းဖြစ်ပါသည်။

"ဘာဖြစ်လို့လဲ"

"သူတို့က ဂျပန်လူငယ်ကိုပုဆိုးဝတ်ပေးစေချင်တဲ့ သဘောရှိတယ်ထင်ပါတယ်။ ကိုယ်ကလည်းဝတ်မပေးနိုင်ဘူး" ဟုဆိုပါသည်။ သူဆိုလိုသည်မှာ တိုက်ရိုက်သာ၊ ဘာသာပြန်ချင်သည်။ (မြန်မာမှုပြုခြင်း) ဥပမာ ကိမ္မရာခေါ် ဂျပန်လူငယ်လေးကို လူကလေးမောင်လှအဖြစ် သူအသွင်မပြောင်းနိုင်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုနေရာ၌ သူနှင့်ကျွန်မ ဆွေးနွေးပါသည်။

"မင်းပို့လိုက်တဲ့ သူတို့ဆိုတဲ့လူတွေကိုလည်း မသိပါဘူး။ ဒါပေမဲ့ မင်းတစ်ခုစဉ်းစားစေချင်တယ်။ ကိုယ်တို့တိုင်းပြည်ဟာ အပြည်ပြည်နဲ့ ဆက်ဆံလာတာနဲ့အမျှ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတွေဟာလည်း တို့တိုင်းပြည်ထဲကိုဝင်ရောက်လာတယ်။ အဲဒီအခါမှာ ကိုယ်ဖြစ်စေချင်တဲ့ သဘောကတော့ လိုအပ်တဲ့နေရာမှာ လိုအပ်သလို နိုင်ငံခြား၊ စာပေ၊ ဓလေ့ထုံးစံနဲ့ ပညာရေးတိုးတက်မှုတွေကို ခံယူသုံးစွဲသင့်ပါတယ်။ သို့သော် အရိုးကို အရွက်မဖုံးနဲ့ဆိုသလိုပဲ မြန်မာမှာရော ပင်ကိုဓလေ့ထုံးစံယဉ်ကျေးမှု၊ ကိုးကွယ်မှု ဘာသာတရား အစရှိသည်ဖြင့်ပေါ့လေ၊

mgyoe.com

mgyoe.com


မရှိပေဘူးလား။ ဟုတ် မဟုတ်တော့ မသိဘူးလေ။ ကိုယ့်စိတ်ထင်တော့ မင်းဘာသာပြန်ပို့လိုက်တော့ လက်မခံဘူးဆိုတဲ့သူက ကိုယ့်လိုများ တွေးလေသလားမသိ။ မင်းကလည်း "ဂျပန်ပုံပြင်" ကို ဘာသာပြန်ပို့ တရုတ်စာပေလေ့လာသူက "တရုတ်ပုံပြင်" အင်္ဂလိပ်စာပေ လေ့လာသူ ကလည်း "အင်္ဂလိပ်ပုံပြင်၊" ရုရှားစာပေ လေ့လာသူကလည်း "ရုရှား ပုံပြင်" တွေကိုတိုက်ရိုက်ဘာသာပြန်ပေး သက်ဆိုင်သူတွေကလည်း တိုက်ရိုက် တို့ကလေးငယ်တွေရဲ့ ခေါင်းထဲကို ထည့်ပေးမယ်ဆိုရင် ကြာတော့ တို့ကလေးငယ်တွေဟာ အဲဒီတိုင်းပြည်တွေရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေပဲ စိတ်ဝင်စားသွားကြတော့မယ်။ အဲဒီအန္တရာယ်ကို ကြောက်လို့များ "သူတို့" ဆိုတဲ့ မင်းပို့လိုက်တဲ့လူတွေက လက်မခံတာ လားမသိ။ ဒါထက်ဆိုးတာကကလေးတွေစိတ်မှာ "တို့မြန်မာလူမျိုးမှာ ရိုးရာဓလေ့ပုံပြင်တွေ မရှိပါလားဆိုတဲ့ အထင်ဝင်လာရင် အဲဒီအန္တရာယ် က ပိုဆိုးလာမယ်"

ကျွန်မက ကျွန်မအထင်ကို ပြောလိုက်၏။ သူကလည်း သူ့ယူဆ ချက်ကို ပြောပါသည်။

"မြန်မာတွေက မျက်မှန်တွေ အဝင်းသားတပ်၊ ကင်မရာ လည်ပင်းဆွဲလာတဲ့ ဂျပန်ကုန်သည်တွေကိုသာ မြင်တာလား။ ချစ်စရာ ကောင်းတဲ့ ဂျပန်ကိုမှမတွေ့ဘဲ"

"မင်းမှားမယ်။ လူများစုမြန်မာတွေဟာ ဖက်ဆစ်ကိုသာမုန်းတာ။ ဂျပန်ကိုမမုန်းဘူးဆိုတာ နားလည်ထားစမ်းပါ။ ဂျပန်ကိုတော်လှန်တဲ့ အချိန်မှာ လက်သည်းခွံခွာပါးရိုက်ခဲ့တဲ့ ဖက်ဆစ်တွေကို ခွင့်လွှတ်ပြီး ဂျပန်စစ်သားတွေကို မြန်မာတွေပဲဝှက်ထားပြီး ကျွေးမွေးပြုစုခဲ့ရတယ် ဆိုတာ သတိရစမ်းပါ။ ဒါနဲ့ အခုမင်းကရော ဂျပန်ရဲ့ရှေ့နေဘာဖြစ်လို့ လုပ်ချင်ရတာလဲ" ကျွန်မမေးခွန်းကိုသူမဖြေပါ။ ကျွန်မကစကား

mgyoe.com

mgyoe.com


ဆက်ပြော၏။

"တစ်ခုတော့ကိုယ်ပြောချင်တယ်။ ကိုယ်တို့တိုင်းပြည်အဖြစ်ကို ပြန်လှေ့လာကြည့်။ မင်းအင်မတန်မုန်းတီးတဲ့ အရင်းရှင်နယ်ချဲ့သမား ဆိုတဲ့ အနောက်အုပ်စုကလူတွေ တို့တိုင်းပြည်နဲ့တခြားကိုလိုနီတွေကို စိမ့်ဝင်လာပုံကိုက "(မစ်ရှင်သာသနာပြုအဖွဲ့)၊ စစ်တပ်"ဆိုတဲ့ စကားလုံး မင်းကြားဖူးမှာပေါ့။ မင်းကကိုယ့်ထက်သာပါတယ်။ ရာဇဝင်ကိုအမ်အေ (မဟာဝိဇ္ဇာ)အထိ သင်လာတာပါ။ အဲဒီတော့လည်း မြန်မာပြည်အဖို့ ကိုယ်တွေကြုံခဲ့ပြီးလေတော့ ဘာသာရေးမစ်ရှင်အနေနဲ့ပဲလာလာ၊ ကုန် သည်အနေနဲ့ပဲ လာလာ သူတို့လာရင် "အလံ" ဆိုတာကလည်း ပါလာ တော့မှာပဲလို့ တွေးကြောက်တဲ့ ဗမာကိုမင်းအဆိုးဆိုမလား။ ဗိုလ်ချုပ် အောင်ဆန်း ပြောဖူးတယ်လေ"

"ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီ၊ ရှင်ငယ် ဝမ်းလည်းဝင်ခဲ့ပြီ။ ဘယ်ဝမ်း ဗိုက်မှ အနံ့မမွှေးပါဘူးဆိုတာလေ ကြားဖူးတယ်မို့လား"

သူသည် ဘာမှတော့ပြန်မဖြေ။ ရင်ထဲမှာတော့ ကျေနပ်ပုံပေါ်မည် မထင်ပါ။

"လက်နက်နိုင်ငံကြီးတွေဟာကိုယ့်အတွက်တော့ တစ်ကွက်ချန်ကြ စမြဲပဲ။ အဲဒီဝါဒဟာ ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ ဝါဒအစစ်ပဲ။ သူတို့ကိုယ်ကျိုး အတွက် အမြတ်တစ်စုံတစ်ရာမပါဘဲ ဘယ်တော့မှလည်း သူတို့အမျိုး သားရေးကို စွန့်လွှတ်ပြီး တိုင်းငယ်ပြည်ငယ်တွေကို ကယ်တင်မယ်လို့ အယူမထားလေနဲ့ မှားမယ်ကိုယ့်လူ။ ဒီနေ့ဆိုရှယ်လစ်နိုင်ငံတွေပဲ ဖြစ် ဖြစ်၊ အရင်းရှင်နိုင်ငံတွေပဲဖြစ်ဖြစ်၊ စစ်တပ်အသင့်ပြင်၊ လက်နက်အသင့် ပြင်ပြီး နယ်ခြားတွေမှာ တင်းတင်းကျပ်ကျပ် စောင့်ကြပ်နေတာကိုက သူတို့နယ်မြေတွေကို တစ်လက်မအကျူးအကျော်မခံနိုင်လို့ပဲ"

"မင်းအနေနဲ့ စာပေအပေါ်မှာ သစ္စာရှိတယ်။ ဘာသာပြန်တာကို

mgyoe.com

mgyoe.com


ရိုးသားစွာ ဝန်ခံလိုတဲ့ စိတ်ရှိတယ်။ ရည်ရွယ်ချက်နဲ့ဆိုရင် လူကြီးတွေ၊ သို့မဟုတ် ၁၀ နှစ်ကနေ ၂၀ ကြားလူငယ်ပိုင်းအတွက် ဘာသာပြန်ဝတ္ထု၊ ဆောင်းပါးတွေရေးပြီး ဘယ်တိုင်းပြည်က ဝတ္ထုတွေကို ဘာသာပြန်တယ်လို့ ဖွင့်ဟဝန်ခံရင်ပြီးတာပဲ။ အဲဒီအရွယ်တွေကတော့ ကျော်ကျော်ဝင်းတို့ မောင်မျိုးမင်းတို့လိုမဟုတ်တော့ဘူးလေ၊ နှစ်သက်စရာတွေရော၊ ရွံမုန်းစရာတွေရော၊ လက်ခံစရာရော၊ ပယ်စရာကိုရော၊ တော်မတော်၊ ရာမရာ၊ သင့် မသင့်ကို ချင့်ချိန်နိုင်တဲ့ စိတ်ဓာတ်စွမ်းအား ရှိလာကြပြီ"

သူသည် ဘာမှပြန်မပြောတော့ပေ။ ကျွန်မကလည်း ကလေးငယ်များအတွက် ပုံပြင်များအကြောင်း ရိုးသားစွာ သူငယ်ချင်းနှစ်ယောက် ဆွေးနွေးရာမှ နိုင်ငံရေး၊ ဝါဒများအထိရောက်သွားမည်စိုးပါ၍ ဤနေရာတွင်ပင် ရပ်လိုက်ပါသည်။

သို့သော် ကျွန်မတို့သူငယ်ချင်းနှစ်ယောက်ဆွေးနွေးပွဲမှာ ကျွန်မရင်ထဲတွင် ဆက်လက်တွေးစရာ အကြောင်းအတော်များများ ပေါ်လာစေခဲ့ပါသည်။

ကျွန်မတို့ငယ်ငယ်က အင်္ဂလိပ်စာကြီးပေကြီးများကို မဖတ်တတ်ခင်က အင်္ဂလိပ်စာပေနယ်၏ တံခါးဝသို့ နတ်သမီးပုံပြင်လေးများမှ စတင်ဝင်ရောက်ခဲ့ကြပါသည်။ အင်္ဂလိပ်စာအလွယ်ဆုံးနှင့် ရေးထား၍ ဖတ်ရှုရာတွင် လွယ်ကူသည်၊ နားလည်လွယ်သည်ကတစ်ကြောင်း ပုံပြင်များကို နှစ်သက်စိတ်ဝင်စားလာ၍ တစ်ကြောင်း ထိုအကြောင်းများကြောင့် နတ်သမီးပုံပြင် ခေါ် (Fairy Tale) များကို ကျွန်မတို့ သဘောကျကြ၏။

ထိုပုံပြင်များမှတစ်ဆင့် အသက်ကြီးပြင်း၍ အတန်းကြီးလာမှ အင်္ဂလိပ်ဝတ္ထုများ စတင်ဖတ်သော အဆင့်သို့ ရောက်လာခဲ့၏။ နောက်

mgyoe.com

mgyoe.com


တစ်ဖန် အင်္ဂလိပ်ကဗျာများကို အရသာ ခံတတ်လာသော အချိန်သို့ ဆိုက်ရောက်ခဲ့ရပေသည်။ (ဤနေရာ၌ အင်္ဂလိပ်ဟူ၍ ရေးရခြင်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော အနောက်တိုင်းစာပေများကို ဆိုလို ပါသည်။ ဗြိတိန်ပြည်က စာအုပ်ဟူ၍ သီးသန့်ဆိုလိုခြင်းမဟုတ်ပါ။)

အင်္ဂလိပ်ဝတ္ထုများကို မဖတ်တတ်ခင်က ရွှေဥဒေါင်း ဘာသာပြန် သော ရူပနန္ဒီကို ကျွန်မတို့ ဖတ်ခဲ့ကြ၏။ ဟိမဝန္တာ၏ တစ်ဖက်တိဗက် တိုင်းပြည်လောက်တွင် ရူပနန္ဒီ ရှိလိမ့်နိုးနှင့် စိတ်ကူးယဉ်ခဲ့ရသည်မှာ အမောပါပင်တည်း။

ရူပနန္ဒီကိုလည်း တွေ့ချင်လိုက်သည်မှာ အမော၊ ချစ်သူပျောက် ကို ရှာပါသော မောင်နန္ဒ၏ တောအဆင့်ဆင့်၊ တောင်အသွယ်သွယ်ကို ဖြတ်ခန်းမှာ စွန့်စားခန်းများဖြစ်၍ စွန့်စားလိုစိတ်မှာ မိန်းမသားဖြစ် သော ကျွန်မရင်ထဲတွင်ပင် ပေါ်ပေါက်လာခဲ့ပေသည်။ ယောကျာ်းလေး များမှာတော့ ပြောဖွယ်ရာမရှိတော့ပြီ။ ရူပနန္ဒီကျွန်မကို လွှမ်းမိုးလိုက် သည်မှာ ပထမအရွယ်ခေါ်သော အသက်နှစ်ဆယ်အထိလောက်ကို ပြင်းပြင်းထန်ထန် လွှမ်းမိုးလျက် ရှိ၏။

ခုနစ်တန်းလောက်တွင် ပထဝီဘာသာရပ်ကို သင်ရင်း သူငယ် ချင်းများ ဆရာမလာခင် စကားပြောကြ၏။ စိတ်ကူးရောက်ရာ ပြောကြ ရင်းမှ ကမ္ဘာမြေပုံကို ဖြန့်ကြည့်ကြ၏။ မိမိသွားလိုသော တိုင်းပြည်များ အကြောင်းကို ရောက်ရာပေါက်ရာ ပြောကြရာတွင် သူငယ်ချင်းတွေက ကျွန်မ စိတ်ဝင်စား၍ သွားလိုရာကို မေး၏။

ကျွန်မရင်ထဲတွင် အာမေဇုံမြစ်ဝှမ်းကို စွန်ဆင်းချင်၏။ ကွန်ဂိုမြစ်ကို ဆန်တက်ချင်၏။ နိုင်းမြစ်ကိုလည်း အစမှအဆုံး စုန်ဆင်းကြည့်ချင်၏။ လှပသာယာသော အနောက်တိုင်း၊ အရှေ့တိုင်း မြို့တော်ကြီးများထက် အာဖရိကနှင့် တောင်အမေရိကတိုက်ရှိ တောနက်ကြီးများ၊ ဟိမဝန္တာ

mgyoe.com

mgyoe.com


မြောက်ပိုင်း တိဗက်လို တိုင်းပြည်များကို သွားရောက်လိုသော ဆန္ဒမှာ ယခုအရွယ်ထိ အစဉ်လွှမ်းမိုးနေ၏။ အမှန်တော့ ဆာရိုက်ဒါဟက်ဂတ်နှင့် ရွှေဥဒေါင်း၏ လက်ချက်များပင်တည်း။

မြန်မာစာပါမောက္ခဟောင်း ဦးမောင်မောင်ကြီးကို တစ်ခါတွေ့စဉ်က ကျွန်မတောင်းပန်မိ၏။

"ဆရာ တိဗက်နဲ့ မွန်ဂိုတွေအကြောင်း ဆရာ ရေးတာတွေ မစုသိပ်သဘောကျတာပဲ၊ အဲဒါတွေ များများရေးပါ" ဟု ပြောမိ၏။

ဆရာသည် တန်ဖိုးရှိသော မြန်မာစာနှင့်ပတ်သက်သော စာအုပ်များကို အတော်များများ ရေးသားခဲ့သူဖြစ်၏။

"မင်းတစ်ယောက်တည်း အဲဒီ တိဗက်နဲ့ မွန်ဂိုတွေအကြောင်း ဆက်ရေးဖို့ ပြောတယ်" ဟု ပြောပါသည်။

ပိန်ချုံးချည့်နဲ့သော ကျွန်မခန္ဓာကိုယ်ကိုကြည့်ကာ သူငယ်ချင်းများက သရော်ကြ၏။ သရော်သင့်ကြပေသည်။ ကျွန်မက ဆင်စွယ်ရတနာ သိုက်များ ရှိရာသို့ ရှာဖွေစွန့်စား သွားလာသော တောလိုက်မုဆိုးကြီးများ၏ စာပေက ကျွန်မခေါင်းထဲတွင် ဒုတိယအရွယ်မှ ယခုအရွယ်ထိ လွှမ်းမိုးနေသောကြောင့်ပင်တည်း။

သို့သော် ဤလွှမ်းမိုးခံရမှုသည် အကျိုးမပျက်စေပါ။ ကျွန်မ စဉ်းစားမိသည်က ကျွန်မမြေးလေး နှစ်ယောက်တွင်လည်း ငယ်စဉ်က မိဘရင်ခွင် ဘွားအေရင်ခွင်တို့မှာ မျက်စိမှေး၍ ကြားရသော ပုံပြင်တို့က သားလေးတို့အား လွှမ်းမိုးမည်မှာ မုချ။

သားလေးတို့ စာဖတ်တတ်သည်ရှိသော် သူတို့ဖတ်သော စာအုပ်မှ ပုံပြင်ဝတ္ထုများသည်လည်း သားလေးတို့ကို လွှမ်းမိုးပေတော့မည်။

လူ့ဘဝ၏တံခါးသို့ စတင်ဝင်ရောက်လာပြီး ဖြစ်သော ကျွန်မ မြေးငယ်လေးများ။ သူတို့သည် ဘယ်လိုအသွင်အပြင်နှင့် မည်သည့်ပုံစံ

mgyoe.com

mgyoe.com


နှင့် ခြေလှမ်း၍ ဝင်လာကြမည်နည်း။ ကျွန်မတို့ ကြိုတင်စဉ်းစားကြရပေတော့မည်။

သမီးကြီးမိ ငယ်ငယ်က ပုံပြောဆရာမတို့နှင့် ရေဒီယိုမှ ပုံပြောဆရာမကြီးတို့၏ လွှမ်းမိုးမှုကြောင့် မိသည် သူရဲကောင်းတစ်ယောက်ဟု ဆိုလိုက်လျှင် သျှောင်တစောင်းနှင့် ဓားလွတ်ကိုင်ကာ ပုဆိုးခါးတောင်းကျိုက်သည့် မြန်မာတို့၏ ရှေးသူရဲကောင်း ပုံဟန်ကိုမမြင် (knight) ခေါ် ကြက်တောင်၊ ငှက်တောင်မွေးရှည်ကြီးများ ခေါင်းမှာဆင်သည့် အနောက်တိုင်းပုံစံနှင့် မြင်းစီးသူရဲကောင်း၏ အသွင်သာမြင်သည်။ မိ၏ ပတ်ဝန်းကျင်နှင့် စာပေသင်ကြားစဉ် အခြေခံမူလတန်းကတည်းက အနောက်တိုင်း သာသနာပြု ဆရာမများ၏ လွှမ်းမိုးမှုကို မိ ခံရသောကြောင့် ဖြစ်၏။ ထိုကြောင့်ပင် မိကို အရွယ်ရောက်လာသောအခါ မြန်မာမှုပြန်၍ပြုရ၏။ (ထိုအကြောင်းများကို ဝတ္ထုသဖွယ် တန်ဆာဆင်ကာ ကျွန်မ "နွားတစ်ထောင်" ဝတ္ထုတွင် ရေးသားခဲ့ပြီးပါပြီ။)

တချို့ကျွန်မ၏ ဝတ္ထုများကို ကောက်ချက်လွဲသူတို့က သူ့သမီးမိ၊ သူ့အဖေ ဦးဘ၊ သူ့ချစ်သူတွေအကြောင်းသာ ခင်နှင်းယုရေးသည်ဆို၏။ နယ်ကျဉ်းလွန်းလှသည်ဟု ဆို၏။ ကျွန်မ ဘယ်သူ့ကိုမှ ပြန်လည်မချေပပါ။ ယခု နှစ်ပေါင်း ၁၀ နှစ်မျှ ကြာလွန်သောအခါမှ လူထု၏ ကိုယ်စားလှယ်များကို ကျွန်မ၏ ကိုယ်စားပြုဇာတ်ကောင်များအဖြစ် ဖန်ဆင်း၍ ခေတ်တစ်ခေတ်၏ လှုပ်ရှားပြောင်းလဲမှုကို သရုပ်ဖော် အကြောင်း သူတို့နားလည်လာပါသည်။ ကျွန်မ၏ မိသားစုအကြောင်းလောက်သာ ဆိုလျှင် ပိုက်ဆံအကုန်ခံ၊ မျက်စိညောင်းခံ၍ ဘယ်သူဖတ်မည်နည်း။

ယခုမှပင် "မခင်ယုရေးတုန်းက နွားတစ်ထောင် ဝတ္ထုရဲ့ အဓိပ္ပာယ် ကျယ်ပြန့်ပုံနဲ့လွှမ်းမိုးမှုဟာ ဒါလောက် နက်ရှိုင်းလိမ့်မယ်

mgyoe.com

mgyoe.com


မထင်ဘူး၊ ခုမှပဲ သမီးတွေ အရွယ်ရောက်လာလေလေ နွားတစ်ထောင် ဝတ္ထုထဲက မိ အမေရဲ့ ရင်ခုန်သံဝေဒနာကို ကိုယ်ချင်းစာမိတယ်" ဟု ဝန်ခံ၏။

အမှန်တော့ နွားတစ်ထောင် ဝတ္ထုထဲက မိမှာ ကျွန်မ၏သမီးစစ် မိနှင့် ထပ်တူထပ်မျှ မတူပါ။ သမီးကြီး မိ ၅ နှစ်သမီးအရွယ်က နွား တစ်ထောင်ဝတ္ထုကို ကျွန်မရေး၏။ ကျွန်မ၏ သမီးသာ လက်ရှိ ပတ်ဝန်းကျင် လွှမ်းမိုးမှုအတိုင်း ကြီးပြင်းလာခဲ့ပါလျှင် သမီးဘဝ မည် သို့ ရှိလိမ့်မည်နည်းဆိုသော ပုပင်သောက ဗျာပါဒမှ ပေါက်ဖွားလာ သော နွားတစ်ထောင်ဝတ္ထု ဖြစ်၏။

အထူးသဖြင့် ကျွန်မ၏ညီမအလတ် အကြွယ်သည် သူ၏ သမီး ချောနှစ်ယောက် အရွယ်ရောက်လာတော့မှ ကျွန်မဘာကြောင့် နွား တစ်ထောင်ဝတ္ထုကို ရေးပါသလဲဆိုသော ရည်ရွယ်ချက်နှင့် အဓိပ္ပာယ် နက်ရှိုင်းလာပုံကို တဖြည်းဖြည်း သဘောပေါက်၍ လာချေပြီ။

"ကြိုတင် ပူပန်မှုတွေ များလှချည်ရဲ့" ဟု ယခုတော့ သူအပြစ် မတင်တော့ပါ။ "နယ်ကျဉ်းလွန်း" သည်ဟု ဝေဖန်ပြစ်တင်သူတို့သည် လည်း နှုတ်ဆိတ်ကြလေပြီ။ အဘယ်ကြောင့်ဆိုသော် အနှစ် ၂၀ အတွင်း ကြီးပြင်းလာသော သူတို့သမီးငယ်များကြောင့် မိခင်တိုင်း၌ ခံစားရသော ဝေဒနာသည် ကျွန်မခံစားရသည်ထက် သူတို့ပိုမို ပြင်းပြ လာရသောကြောင့် ဖြစ်သတည်း။

ကဲ ယခု ကျွန်မတို့ ဆက်လက်စဉ်းစားကြပါဦးစို့၊ ကျွန်မ သူငယ် ချင်း ပြောသလို ပုံပြင်များကိုဖြစ်ဖြစ်၊ ဝတ္ထုတိုလေးများကို ဖြစ်ဖြစ်၊ ဘဝကို ခြေလှမ်းစ ကျော်ကျော်ဝင်းတို့၊ မောင်မျိုးမင်းတို့ အရွယ်တွင် ပြောပြရပေတော့မည်။ ထိုအခါတွင် သူတို့ စိတ်ကူးစိတ်သန်းထဲရှိ အရုပ်ကလေးများ (ဝါ) ဇာတ်ကောင်များကို တရုတ်ဘောင်းဘီပွပွ

mgyoe.com

mgyoe.com


ဝတ်ပေးမလား၊ ကီမိုနိုပဲ ဝတ်ပေးမလား၊ အနောက်တိုင်းပုံစံ ဆောင်းဘီရှည်ကိုပဲ ဝတ်ပေးရမလား၊ ဖင်ကျပ်လား၊ ခေါင်းလောင်းပုံလား၊ ဒိုတီလား။ ဘာဝတ်ပေးမလဲ၊ မြန်မာကော မြန်မာပုဆိုးမရှိဘူးလား။

ကျွန်မတို့သည် အနောက်တိုင်းဒေသများသို့ သွားရောက်လည်ပတ်သောအခါ ရောမရောက်လျှင် ရောမလို ကျင့်သုံးရမည်ဆိုသည့်အတိုင်း ရာသီဥတု အခြေအနေကိုလိုက်၍ ဒေသအလျောက် သင့်တော်မည့် အဆင်အယင်ကို ဝတ်စားဆင်ယင်ရ၏။ ကိုယ့်တိုင်းပြည်ရောက်လျှင် ကိုယ့်အမျိုးသားဝတ်စုံကို ပြန်လည်ဝတ်ရ၏။

ထို့အတူ မောင်မျိုးမင်းတို့အရွယ်ကို ပြောပြရမည့် ပုံပြင် ဝတ္ထုတိုများတွင် လှုပ်ရှားမည့် (ဇာတ်ကောင်များ) အရုပ်ကလေးများကို မည်သည့်တိုင်းပြည်က ကျွန်မတို့ ယူလာသည်ဖြစ်စေ တတ်နိုင်သလောက် ပုဆိုးနှင့် တိုက်ပုံအင်္ကျီ၊ ထဘီအင်္ကျီလက်ရှည်နှင့် သျှောင်ပေစူး ဆံရစ်ဝိုင်းလေးများကို ဝတ်ဆင်ပေးလျှင် မကောင်းပေဘူးလား။

သို့သော် ဆွေးနွေးရ ဖလှယ်ရသည် ဆိုသည်က သုခမိန်ပညာရှင်တို့ အလုပ်ဖြစ်၏။ ဆွေးနွေးပါရစေ၊ နားထောင်ပါရစေ ကျွန်မကို ဖိတ်ပါဟု ဖိတ်စာရရန်အတွက်ကိုပင် သက်ဆိုင်ရာသို့ လျှောက်လွှာတင်ရ၏။ ဆွေးနွေးရသည့် နေရာကလည်း လေးထပ်အမြင့်ဆိုလေတော့ အားလုံးပင် အဆင့်အတန်း မြင့်လှပါသောကြောင့် ကျွန်မတို့လို အမြင့်မတက်နိုင်သော ကျန်းမာရေးချို့တဲ့သူတို့နှင့် ဝေးကွာလှ၏။ ဆွေးနွေးပွဲများနှင့် အလှမ်းဝေးလှ၏၊ အမြင့်ကပန်းများသည် ချူရန် ခက်လှ၏။ မဥ္ဇူသကပန်း၊ အာသာဝတီ နွယ်နီကက္ကရ စသော နတ်ပန်းများသည် ဘုန်းရှင်ကံရှင်တို့နှင့်သာ ထိုက်တန်၏။

ဘုန်းရှင်ကံရှင်တွေ သူတို့ဘာသာ စကားပြောစဉ်တွင် လောလောဆယ် ကိုယ့်ပြဿနာက ကိုယ့်ကလေးတွေ အိပ်ရာဝင်ခါနီးလေပြီ။

mgyoe.com

mgyoe.com


မြေကြီးပေါ်က ဖား၊ မြွေ၊ မျောက်၊ သမင်၊ ဒရယ်၊ ခြသေ့် အစရှိသော တောကောင်များနှင့် မြေပေါ်ရှိ လူကလေးများကို စပ်ဟပ်ကာ ပုံပြော ကောင်းသော ဘွားဘွားသည် ပုံစ၍ ပြောရပါတော့သည်။

ကျွန်မ ပထမဆုံးပြောသော ပုံပြင်မှာ အောက်ပါပုံပြင် ဖြစ်ပါ သည်။

ကဲ သားကြီးတို့ သားငယ်လေးတို့ နားထောင်ကြပေတော့။ ဘွားဘွား ပုံပြင်ကတော့ ပုံပြင်အသစ် မဟုတ်ပေဘူး။

တစ်ခါတုန်းက အင်မတန် ဖျတ်လတ်လျင်မြန်တဲ့ ယုန်လေးတစ် ကောင်ရှိတယ်။ သူဟာ အလုပ်အကိုင် အသွားအလာသာ ဖျတ်လတ် တာ မဟုတ်ဘူး။ အပြေးလည်းသန်တယ်။ တစ်နေ့တော့သူဟာ အရိပ် ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ အိပ်ပျော်နေတယ်တဲ့။ သူ အိပ်ရာ က နိုးတော့ သူ့အနားမှာ သူ့သူငယ်ချင်း လိပ်ကို တွေ့ရတယ်။

"အလို သူငယ်ချင်း မောင်ရွှေလိပ် ဘာလာလုပ်သလဲလို့" လို့ ယုန်က လေးက မေးတယ်။

"တို့များ တောထဲမှာနေရတာ တစ်ခါတလေ ပျင်းလှတယ်။ မင်းနဲ့ငါ အပြေးပြိုင်ရအောင်" လို့ လိပ်ကလေးက ပြောတယ်။

"ဟား... ဟား... ဟားဟား" လို့ ယုန်ကလေးကအားရပါးရ ရယ်တယ်ကွယ့်။ သူက ပါးစပ်က ဖွင့်မပြောပေမယ့် သူ့စိတ်ထဲက ရယ် ချင်တာပေါ့လေ။ ဘာလို့ရယ်ချင်လဲဆိုတော့ သားတို့ လိပ်ကို တိရစ္ဆာန်ရုံထဲမှာ မြင်ဖူးတယ်မို့လား။ အင်မတန် အသွားနှေးတယ်။ တရွေ့ရွေ့ပဲ သွားတတ်တယ်လေ။ ယုန်ဆိုတာကတော့ အင်မတန် ဖျတ် လတ်သွက်လက်တော့ ယုန်ကလေး စိတ်ထဲမှာ သူ့ကိုယ်သူ အထင်ကြီး တယ်။ "ဩော်... တရွေ့ရွေ့သွားနေရတဲ့ ဒီလိပ်ကလေးဟာ ငါလိုယုန်ကို တုဖက်ပြီး အပြေးပြိုင်ချင်တာ အံ့ပါရဲ့" လို့ သူက တွေးမိပြီး ရယ်တာကိုး။

mgyoe.com

mgyoe.com


ပြီးတော့မှ လိပ်ကလေးကို သူကပြောတယ်။

"အေးကွယ် မင်းအပြေးပြိုင်ချင်လည်းပြိုင် နက်ဖြန်မနက်စောစော တို့များ ပြေးပွဲစရအောင်။"

"အေး... တာအထွက်ကို ဦးရွှေနွားတို့က စောင့်ပြီး အချက်ပေးမယ်၊ ငါနေတဲ့ ရေကန်နားက ညောင်ပင်ကြီးအောက်ကိုလာခဲ့၊ တာအဝင်ကိုတော့ ကိုမြေခွေးကစောင့်ပြီး ဒိုင်လူကြီးလုပ်ပေးမယ်" လို့ လိပ်က ပြေးပွဲအစီအစဉ်ကိုပြောပြီး ပြန်သွားရော"

မနက်မိုးလင်းတော့ လိပ်ချိန်းဆိုထားတဲ့နေရာကို ယုန်ကလေးက သွားတာပေါ့၊ လိပ်ဟာ အဆင်သင့်ပဲ စောင့်နေတယ်။

သူတို့နှစ်ကောင်ဟာ ပြေးပွဲစဖို့ တန်းစီပြီး နေရာယူလိုက်တယ်။ ဦးရွှေနွားက အချိန်လည်းစေ့တော့

"ဂွတ်ထရိန်း" လို့ အချက်လည်းပေးလိုက်ရော တစ်ခါထဲ သူတို့နှစ်ကောင် တာက ထွက်သွားကြတာပေါ့၊ ယုန်ကလည်း အပြေးသန်တော့ တစ်ဟုန်တည်း ပြေးထွက်သွားသလို လိပ်ကလည်း သူ့အစွမ်းနဲ့သူ သူခြေလှမ်းနိုင်သလောက် မှန်မှန်နဲ့ ပြေးသွားတာပေါ့၊ သူတို့ပြေးရမယ့် လမ်းကြောင်းတစ်ဝက်ကို ရောက်တော့ ယုန်ကလေးက ခဏရပ်ပြီး နောက်ကိုလှည့်ကြည့်မိတယ်။ သူရဲ့ သူငယ်ချင်း လိပ်ကလေးဟာ တာကထွက်စ ခပ်လှမ်းလှမ်းပဲ ရောက်သေးတယ်။ ဒါနဲ့ယုန်ကလေးက တွေးတာပေါ့။ ငါကဖြင့် လမ်းတစ်ဝက်တောင် ရောက်နေပီ သူက တာထွက်စပဲ ရှိသေးတယ်၊ ငါ့ကို အန်တုဖက်ပြိုင်လို့ သူဘယ်မှာ နိုင်ပါ့မလဲ၊ သူ့ကိုလည်းစောင့်ရင်း ငါတစ်ရေးတစ်မော အိပ်ဦးမယ်။ ငါ့ကို မှီလောက်မယ့် အချိန်ရောက်မှ ငါထပြီးပြေးရင် ပန်းတိုင်ကို သူ့ထက်ငါစောပြီးဝင်မှာပဲလို့ ဥသျှစ်ပင်ကြီးအောက် အိပ်နေသတဲ့။ အိပ်တယ်ဆိုတာ သားတို့သိတယ်မို့လား။ အားရပါးရ အိပ်ပျော်သွားရင် အိပ်မော

mgyoe.com

mgyoe.com


ကျတယ်ခေါ်တယ်။ သူများ ဘာလုပ်တယ်ဆိုတာကိုလည်း မသိဘူး။ ကိုယ့်ဟာကိုယ် လုပ်တာကိုလည်း မသိဘူးမို့လား။ သားငယ်လေး မောင်မျိုးမင်း အိပ်ပျော်သွားရင် အိပ်ရာပေါ် ရှူးရှူးပေါက်တာကို မသိဘူးမို့လား။ အေး ခုလည်း ယုန်ကလေးဟာ ပြေးထားတဲ့ အရှိန်က လည်းရှိတော့ အိပ်လိုက်တာ အိပ်မောကျသွားရော။

လိပ်ကလေးကတော့ သူ့ခြေလှမ်းကို သူနှေးတယ်ရယ်လို့ အထင် မသေးဘူး။ မှန်မှန်နဲ့ သူ့နှုန်းနဲ့သူ အစွမ်းရှိသလောက် သွားနေတယ်။ အပြေးပြိုင်တယ်ဆိုတာ အလုပ်တစ်ခုပဲ၊ ဒီအလုပ်ကို ပြီးအောင်လုပ်ပြီးမှ နားရမယ်ဆိုတာကို လိပ်ကလေးက သဘောပေါက်တယ်။ ဒီတော့ သူဟာ မှန်မှန်ကြီး မနားဘဲ သွားလိုက်တာ အိပ်ပျော်နေတဲ့ ယုန်ကလေး ကို ဖြတ်ကျော်ပြီး ပန်းတိုင်နားကို ရောက်သွားရော။

သူ့ကိုယ်သူ အထင်ကြီးတဲ့ယုန်ကလေးကတော့ တခေါခေါနဲ့ အိပ်မောကျနေတာပဲတဲ့။ အဲ့ဒီအချိန်မှာ ဥသျှစ်သီးတစ်လုံး သူ့အနား ကြွေကျလာတော့မှ သူလန့်နိုးတာကိုး။ သူက ကမန်းကတန်းနဲ့ သူတို့ ပြေးပွဲကို သတိရလို့ နောက်ပြန်ကြည့်လိုက်တော့ သူ့သူငယ်ချင်း လိပ်ကို မတွေ့ရတော့ဘူး။ ပန်းတိုင်ဘက်ကို မျှော်ကြည့်တော့မှ ပန်းတိုင်နားကို ကပ်နေတဲ့ လိပ်ကလေးကို တွေ့ရတယ်။

တစ်ခါတည်း အဲဒီတော့မှ ယုန်ဟာ တအားပြေးလိုက်ပေမယ့် မမီတော့ဘူး။ သူပန်းတိုင်နားရောက်တော့ သူရဲ့ သူငယ်ချင်း လိပ်ဟာ ပန်းဝင်နေပြီကွယ့်။

ဒိုင်လုပ်တဲ့ ဦးမြေခွေးက လိပ်ကို ဆီးကြိုပြီး ပန်းကုံးစွပ်တာ ပေါ့လေ။"

"ဘွားဘွား ပုံက ပြီးသွားပြီလား၊ အစပ်ကလေး ထည့်ပေးပါဦး"

ကျော်ကျော်ဝင်းက တိုတိုနှင့် ပြတ်သွားမှာ စိုးသည်။ ထို့ကြောင့်

mgyoe.com

mgyoe.com


သူ့ဆန္ဒအတိုင်း အစပ်အဟပ်နှင့် ဆက်ပြောရန် တောင်းဆိုလိုက်၏။

"မပြီးသေးပါဘူး သားကြီးရယ်၊ အစပ်နောက်ဆက်တွဲပါရမယ် စိတ်ချ"

"နောက်ထပ် ခြသေ့်ကြီး ပါရမယ်နော်" ဟု ကျော်ကျော်ဝင်းက ဆို၏။

"အေးပါ"

"ဘွားဘွား၊ ပင့်ကူကြီးလည်း ပါရမယ်နော်"

မောင်မျိုးမင်းက ဆို၏။

"အေးပါကွယ်၊ မင်းတို့က ဆုံးအောင်ဖြင့် နားမထောင်သေးဘူး တယ်သြဇာ ပေးချင်တာကိုး။ ကျွန်မက ပြောလိုက်မှ သူတို့နှစ်ယောက် ပြန်၍ ငြိမ်သက်သွား၏"

"အဲဒါနဲ့ ယုန်ကလေးဟာ ပြေးပွဲမှာ ရှုံးရတာကို စိတ်ခာတ်ကျပြီး လျှောက်သွားလိုက်တာ ရေကန်တစ်ကန် အနားကို ရောက်သွားရော။ သူရောက်သွားတော့ သူငယ်လေးတစ်ယောက်ဟာလည်း ရေကန်ဘေးက ချုံကလေးနားမှာထိုင်ပြီး မှိုင်နေတာကို တွေ့ရတယ်ကွယ့်။"

"ခင်ဗျားနာမည် ဘယ်သူလဲ" လို့ ယုန်ကလေးက မေးတယ်။

"တက်ပု" လို့ လူကလေးက ဖြေလိုက်တယ်ကွယ့်။

"ကိုတက်ပု ဘာဖြစ်လို့ မှိုင်နေသလဲ"

"ငါကွာ စာမေးပွဲကျလို့ စိတ်ညစ်တာနဲ့ အိမ်ကထွက်လာတယ်။ ငါနဲ့တူတူ သူငယ်ချင်းတွေ စာမေးပွဲအောင်လို့ အတန်းတက်သွားကြပြီ။ ငါ့မှာ တော့ စာမေးပွဲကျတော့ ငါရှက်တယ်ကွာ" လို့ တက်ပုက ပြန်ပြောတယ်။

"ခင်ဗျားက တော်သေးတာပေါ့။ ကျွန်တော့်မှာ အပြေးပြိုင်ပွဲရှုံးလို့ စိတ်ညစ်လိုက်တာ၊ ရှုံးရတာကလည်းဗျာ ယုန်နဲ့ယုန်ချင်း အပြေးပြိုင်လို့

mgyoe.com

mgyoe.com


ရှုံးရတယ်ဆို ဟုတ်သေးတယ်။ ခုတော့ အင်မတန် အသွားနှေးတဲ့ လိပ်နဲ့မှ အပြေးပြိုင်တာ ကျွန်တော်ရှုံးရတာ အသည်းနာလိုက်တာဗျာ” လို့ ယုန်လေး က ပြောတယ်။

“အေး... မင်းအဖြစ်ကတော့ လွန်လွန်းပါတယ်ကွာ” လို့ မောင်တက်ပုက ပြောနေတုန်း

“ကွက်... ကွက်... ခွိ ခွိ” လို့ ရယ်သံကို ရေကန်ထဲက ကြားသတဲ့။

“တို့များနှစ်ယောက် စိတ်ညစ်ပါတယ်ဆိုမှ တို့ကိုသရော်ပြီး ရယ်တာ ဘယ်သူတွေလဲကွ” လို့ဆိုပြီး မောင်တက်ပုက သူ့ခါးကြားက လောက်လေးခွကို ထုတ်လိုက်သတဲ့။ သူတို့ရေကန်ထဲ ကြည့်လိုက်တော့ ဖားငယ်လေးတွေဟာ ကြာဖက်ပေါ်မှာ ကစားရင်း အော်မြည်နေကြတာကိုး။

“အောင်မယ် မင်းတို့က မင်းတို့နဲ့ ရေထဲမှာ တူတူနေတဲ့လိပ်ကငါ့ကို အပြေးပြိုင်ပွဲမှာ အနိုင်ရတယ်ဆိုပြီး သရော်တာပေါ့လေ” လို့ ယုန်ကလေးကလည်း ဒေါပွပြီး ရေကန်နားက ကျောက်စရစ်ခဲနဲ့ အုတ်ခဲလေးတွေကို စုပေးတယ်။ တက်ပုက ကျောက်ခဲတွေကိုယူပြီး လောက်လေးခွနဲ့ ဖားလေးတွေကို ပစ်ထည့်တာပေါ့။ ပထမဆုံး ဖားအစ်ကိုကြီးခေါင်းကို ကျောက်စရစ်ခဲ မှန်သွားတယ်ဆို ဖားလေးတွေအားလုံးဟာ ရေထဲကို ငုပ်သွားကြတယ်။ ဖားငယ်လေးတွေဟာ သူတို့အစ်ကိုကြီးခေါင်းမှာ ဒဏ်ရာရတဲ့အကြောင်းကို ပွစိပွစိနဲ့ ပြောနေကြသံကို ဖားလေးတွေရဲ့အမေက ကြားတာပေါ့။

“ဟယ်...၊ ငါ့သားများ ရေပေါ်တက်ကစားတာ ဘာဖြစ်လာကြလဲ”လို့ ဖားအမေကြီးက မေးတယ်။ ဖားလေးတွေဟာ သူတို့အဖြစ်အပျက်ကို ပြောပြကြတာပေါ့။ ရေအောက်မှာနေကြတဲ့ လုပတဲ့ ရွှေငါး

mgyoe.com

mgyoe.com

လေးတွေကလည်း သူတို့ဆီကို ပြေးလာကြတယ်။ ငါးလေးတွေဟာ ရှေးဦးသူနာပြုအတတ်ကို တတ်တဲ့သူတွေဆိုတော့၊ ဒဏ်ရာရတဲ့ ဖားလေးခေါင်းကို ချက်ချင်းပဲ ဆေးထည့်ပြီး ကုသပေးကြတယ်။

ဖားငယ်လေးတွေရဲ့မိခင်ဟာ ရေပေါ်ကို တက်သွားပြီး ကြာဖက်ပေါ် ထိုင်လိုက်သတဲ့။

"ဟာ၊ ဖိုးယုန်ရေ၊ အခု ဖားမကြီးက သာပြီးကြီးတယ်။ သူ့ကိုပါ ဆော်ထည့်မယ်ကွ၊ ကျောက်စရစ်ခဲကြီးကြီး ရှာခဲ့ပါ" လို့ တက်ပုက ယုန်လေးကို အော်ပြောသတဲ့။

"နေကြပါဦး နေကြပါဦး၊ လူကလေးနဲ့ ယုန်ငယ်တို့၊ အမေ ရေပေါ် တက်လာတာ၊ မင်းတို့နဲ့ ရန်ဖြစ်ဖို့ မဟုတ်ပါဘူး၊ တောင်းပန်စရာ ရှိလို့ပါ"

ဖားမကြီးရဲ့ သာယာချောင်တဲ့စကားကို ကြားတော့၊ မောင်တက်ပုဟာ၊ လောက်လေးခွကို ကိုင်ပြီး မပစ်သေးဘဲ ကြည့်နေတယ်။ "အမေ့ သားငယ်လေးတွေဟာ ရေပေါ်တက်ပြီး ကစားနေကျ၊ ကစားတာပါ၊ သားငယ်လေးတွေမှာ အပြစ်ရှိပါသလား၊ အပြစ်ရှိရင် အမေ့ကိုသတ်ပါ၊ အမေ့သားလေးများကိုတော့ ဆက်လက်ပြီး ရန်မပြုပါနဲ့၊ ကျောက်ခဲနဲ့ မပစ်ပါနဲ့" လို့ ပြောသတဲ့။

"ဒီလိုပါ ဖားမကြီး၊ ကျုပ်နဲ့ ဖိုးယုန်ဟာ ကျုပ်ကလည်း စာမေးပွဲကျလို့ စိတ်ညစ်၊ ဖိုးယုန်ဟာလည်း ပြေးပွဲရှုံးလို့ စိတ်ဓာတ်ကျပြီး ဒီရေကန်နား လာထိုင်နေတာကို ခင်ဗျားသားတွေဟာ သရော်ပြီး ရယ်ကြ၊ ပြောင်ကြ၊ သီချင်းဆိုကြလို့ ကျုပ်တို့က လောက်လေးခွနဲ့ပစ်တာ" လို့ မောင်တက်ပုက ဖြေတယ်။

"လူလေးရယ် စိတ်မရှိပါနဲ့၊ သားငယ်လေးတို့ဟာ ရေပေါ်တက်ပြီး ကစားနေကျ၊ သီချင်းဆိုနေကျပါ၊ အခုလို တိုက်ဆိုင်ပြီး၊ လူကလေး

mgyoe.com

mgyoe.com


တို့ စိတ်ညစ်ချိန်မှာ သီချင်းဆိုမိတာဟာ အပြစ်တစ်ခုလို ဖြစ်သွားတဲ့အတွက် အမေ့သားငယ်လေးများအစား အမေတောင်းပန်ပါတယ်" လို့ မိခင်ဖားမကြီးဟာ မိခင်မေတ္တာစိတ်ရှိတဲ့အတိုင်း သာယာချောင်စွာနဲ့ မောင်တက်ပုတို့ကို တောင်းပန်သတဲ့"

အဲဒီလို ဖားမကြီးနဲ့ မောင်တက်ပုတို့ စကားပြောနေတုန်း ရေကန်တစ်ဖက်မှာ အင်မတန်လှပခန့်ညားတဲ့ ခြင်္သေ့ကြီးတစ်ကောင်ဟာ ပေါ်လာတယ်။ ရွှေရောင်တောက်ပနေတဲ့၊ လည်ဆံမွေးတွေနဲ့ ခြင်္သေ့ကြီးဟာ သိပ်ပြီးကျက်သရေရှိတာပဲ။ တက်ပုဟာ ခြင်္သေ့ကြီးကို မြင်တယ်ဆို ကြောက်လန့်ပြီး ထွက်ပြေးမယ်လုပ်တော့ ခြင်္သေ့ကြီးက အော်လိုက်တယ်။

"ဟေ့ သူငယ်၊ မပြေးနဲ့၊ အခု ဘာဖြစ်နေကြတာလဲ၊ ငါ့ကို ပြောပြစမ်း" လို့ ဆိုသတဲ့။

"တောသုံးထောင်ကို အစိုးရသော အရှင်ခြင်္သေ့မင်း၊ ကျွန်မတို့မှာ အရှင်ခြင်္သေ့မင်းကလွဲလို့ အားကိုးစရာမရှိပါ" လို့ အစချီပြီး ဖားမကြီးဟာ သူတို့အဖြစ်အပျက်ကို ပြောပြတယ်။

ဒီတော့ ခြင်္သေ့ကြီးက ပြောသတဲ့။

"မောင်တက်ပု၊ အခု ဖားမကြီးပြောတာမှန်သလား၊ ဒီတောတောင် တစ်ခုလုံးကို ကာကွယ်စောင့်ရှောက်ရတဲ့၊ သားရဲတို့ရဲ့ဘုရင်ဟာ ငါပဲဖြစ်တယ်။ ဒီတောထဲမှာ မတရားတဲ့အပြုအမူဟူသမျှ တရားမျှတမှုဖြစ်အောင် စီရင်ရမှာ ငါ့တာဝန်ဖြစ်တယ်။ အားကြီးသူကလည်း အားငယ်တဲ့သူကို နှိပ်စက်ခြင်း မပြုရဘူး။ အားငယ်တဲ့သူ ဖြစ်ပေမယ့် မတရားတာလုပ်နေရင်လည်း တစ်ဖက်သတ်နဲ့ ငါအကာအကွယ် မပေးဘူး။ တရားမျှတအောင် အုပ်ချုပ်ရမှာ ငါ့တာဝန်ဖြစ်တယ်။ အခုလည်း မောင်တက်ပု မင်းတို့ကို ငါ အရမ်းအပြစ်မပေးပါဘူး။ ငါ့ကိုမကြောက်

mgyoe.com

mgyoe.com


ပါနဲ့၊ အုပ်ချုပ်သူဆိုတာ မင်းတို့ရဲ့ မိတ်ဆွေသာ ဖြစ်ရမယ်။ ရန်သူ မဟုတ်ပါဘူး" လို့ ခြသေ့်ကြီးက ပြောသတဲ့။ မောင်တက်ပုဟာ ဖားမကြီးပြောသမျှ မှန်ကန်ပါတယ်လို့ ဝန်ခံတယ်။

"ကဲ...၊ ဒီလိုဆို ဖားမကြီးလည်း ရေအောက်ကအိမ်ကို ပြန်ပါ၊ သားငယ်လေးများကော ဒဏ်ရာကြီးပါသလား၊ ငါအုပ်စိုးရာ နယ်မြေမှာ သွေးထွက်သံယို မဖြစ်စေရဘူး၊ မောင်တက်ပုနဲ့ဖိုးယုန်လည်း ငါ့နောက်ကို လိုက်ခဲ့" လို့ ခြသေ့်ကြီးက ပြောသတဲ့။ ဖားမကြီးလည်း ခြသေ့်ကြီးကို ကျေးဇူးတင်ကြောင်းပြောပြီး ရေအောက်ကို ငုပ်သွားတယ်။

မောင်တက်ပုနဲ့ ယုန်ကလေးဟာ ခြသေ့်ကြီးနောက်ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ လိုက်သွားတယ်။ ခြသေ့်ကြီးဟာ သူနေတဲ့ ဂူကြီးထဲကို မောင်တက်ပုတို့ကို ခေါ်သွားတာကိုး။ ဂူထဲမှာ မီးဖိုခိုင်းပြီး ခြသေ့်ကြီး စားလို့ကျန်တဲ့ သားကောင်တချို့ရဲ့ အသားကို မီးကင်ပြီး မောင်တက်ပုကို ကျွေးတယ်။ ယုန်ကလေးကိုတော့ ဂူကြီးဘေးမှာပေါက်နေတဲ့ မြက်နုလေးတွေကို ကျွေးတယ်။

"ကဲ...၊ ငါ့ရဲ့ဂူထဲမှာ အေးအေးချမ်းချမ်းနေပြီး တစ်ညအိပ်ကြ၊ မနက်မှ မင်းတို့အိမ်ကိုပြန်၊ ငါညကျရင် မင်းတို့ကို ပြောစရာတစ်ခု ရှိတယ်" လို့ ပြောတယ်။ ခြသေ့်ကြီးရဲ့ဂူဟာ မြက်ခင်းနုနုစိမ်းစိမ်းလေးများ ဝိုင်းရံပြီး သန့်ရှင်းတဲ့နေရာတစ်ခုဖြစ်တယ်။ ညချမ်းချိန်မှာ လရောင်နဲ့ လှပနေလေတော့ မောင်တက်ပုနဲ့ ယုန်ကလေးဟာ စိတ်ချမ်းသာသွားသတဲ့။

"သြော်... ငါ့မှာဖြင့် ခြသေ့်ကြီးက သတ်များစားမလားလို့ ကြောက်လိုက်ရတာ၊ ခုတော့ မင်းတို့ကို အုပ်စိုးတဲ့ ဘုရင်ကြီးဟာ ချစ်စရာကောင်းပါလား ဖိုးယုန်ရယ်" လို့ မောင်တက်ပုက ပြောသတဲ့။

အိပ်ချိန်ရောက်တော့ ကောက်ရိုးတွေခင်းထားတဲ့ နေရာမှာ သူတို့

mgyoe.com

mgyoe.com


နှစ်ယောက်ကို အိပ်ဖို့နေရာ ခြသေ့်ကြီးကပေးတယ်။"

"ငါနဲ့အတူ အဲဒီမှာနေ၊ ပျော်အောင်မအိပ်ကြနဲ့၊ ငြိမ်ငြိမ်သက်သက်နေကြ" လို့ ခြသေ့်ကြီးပြောပြီး သူတို့အနီးမှာ ခြသေ့်ကြီး လှဲနေတယ်။ ညဥ့်ဦးယံကျော်သွားတယ်ဆို ချောက်ဂျက်၊ ချောက်ဂျက်နဲ့ အသံတစ်ခု ကြားတယ်။ မောင်တက်ပုတို့နှစ်ယောက်ဟာ တိတ်တိတ်ကလေး ငြိမ်သက်ပြီး ကြည့်နေကြတယ်။

ပင့်ကူကြီးတစ်ကောင်ဟာ ဂူအမိုးအစွန်နဲ့ ဂူအဝဘေးမှာရှိတဲ့ သစ်ပင်ကြီးတစ်ခုကို ဆက်ပြီး အိမ်ဖွဲ့တာကိုး၊ ပထမတစ်ခါ လုပ်မရ ပျက်သွားလိုက်ရင်း သူ့ကိုယ်က အစေးတွေနဲ့ ရက်ကန်းရက်သလို တစ်ညလုံး ကြိုးစားပြီး လရောင်အောက်မှာ အိမ်ဆောက်လိုက်ရင်း အဲဒီလိုနဲ့ လဝင်ချိန်လည်းရောက်ရော လှပတဲ့ ပင့်ကူအိမ်ကြီးတစ်ဆောင် ဖြစ်သွားတယ်တဲ့။

ခြသေ့်ကြီးက မောင်တက်ပုတို့ကို ပြောသတဲ့။

"မောင်တက်ပု၊ တိရစ္ဆာန်ဖြစ်တဲ့ ပင့်ကူတောင် သူ့အိမ်ကိုဆောက်တာ တစ်ခါတည်းနဲ့ ဆောက်မပြီးလို့ စိတ်လျှော့သွားသလား ထိုင်ပြီး မင်းလို မှိုင်နေသလား" လို့ မေးတယ်။

"မမှိုင်ပါဘူးခင်ဗျာ"

"ဖိုးယုန်ကလေး ကစားပွဲမှာ ရှုံးတာနဲ့စိတ်ညစ်ပြီး မင်းလိုအပြစ်မဲ့တဲ့ ဖားငယ်လေးတွေကို ပင့်ကူဟာ ရန်ရှာသလား"

"မရှာပါဘူးခင်ဗျာ"

"အေး... စာမေးပွဲမှာ တစ်ခါကျလည်း စိတ်ဓာတ်မပျက်ဘဲ ပင့်ကူလို ခွဲရှိရှိနဲ့ ထပ်မံကြိုးစားပါ။ မင်းရဲ့ လောက်လေးဝှဟာလည်း မင်းတို့လူသားအချင်းချင်း မုန်ပြတင်းတွေ ပျက်စီးအောင် ပစ်ခွဲဖို့မဟုတ်ဘူး။ ငါတို့တောနယ်မြေက ဖားငယ်လေးတွေလို အပြစ်မဲ့ပြီး အားငယ်တဲ့

mgyoe.com

mgyoe.com


သူတွေကို အရမ်းသတ်ဖြတ်ဖို့လည်း မဟုတ်ဘူး။ စပါးသီးနှံများကို အလွန်အကျွံ ဖျက်ဆီးတတ်တဲ့ စာလေးများ၊ သူတစ်ပါးပစ္စည်းကို မတရားသဖြင့် မီးဖိုချောင်မှာ ခိုးယူစားတဲ့ ခွေးနဲ့ကြိုးများကို ခြိမ်းခြောက်ဖို့ပဲ ဖြစ်တယ်" လို့ ခြသေ့်ကြီးက ပြောတယ်။ ပြောရင်း မောင်တက်ပုရဲ့ လောက်လေးခွကိုင်တဲ့လက်ကို သူ့လက်သဲနဲ့ ဖိလိုက်တယ်။

"အမယ်လေးဗျာ၊ နာလိုက်တာ" လို့ မောင်တက်ပုက အော်လိုက်တယ်။

"အေး၊ မင်းအသားကို ဒါလောက်ကလေး ငါ့ရဲ့လက်သဲနဲ့ ခြစ်တာတောင် မင်းနာတယ်မို့လား။ ဖားလေးတွေရဲ့ ခေါင်းကို ကျောက်ခဲတစ်လုံးနဲ့ထိအောင် ပစ်တဲ့အခါ ဘယ်လောက်နာမလဲ" လို့ ခြသေ့်ကြီးက လက်တွေ့ပြတယ်။

"ကျွန်တော်သိပါပြီ။ နောက်ခါ အားငယ်တဲ့ သတ္တဝါများကို ကျွန်တော့်ရဲ့ လောက်လေးခွနဲ့ မနှိပ်စက်ပါဘူး" လို့ မောင်တက်ပုဟာ ကတိပေးတယ်။

"ဖိုးယုန်လည်းပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး အပျင်းကြီးတဲ့အကောင်။ လိပ်ကို အထင်သေးလို့ ပြေးပွဲမှာရှုံးခဲ့ပြီ။ ကစားပွဲဆိုတာ ရှုံးတဲ့အခါလည်းရှုံး နိုင်တဲ့အခါလည်းနိုင်မို့ စိတ်ဓာတ်မပျက်ရဘူး။ ငါသိပ်တော်တာပဲဆိုပြီး အပျင်းကြီးလည်း မနေရဘူး။ ဘာလုပ်လုပ် မှန်မှန် ဖွဲကောင်းကောင်း ဝီရိယကောင်းကောင်းနဲ့အလုပ် လုပ်ရမယ်။ ကိုယ့်တာဝန် ကိုယ့်အလုပ်ပြီးမှ နားရမယ်" လို့ ခြသေ့်ကြီးက ပြောပြတယ်။

"ကောင်းပါပြီခင်ဗျာ" လို့ ယုန်ကလေးက ဖြေလိုက်တယ်။

မနက်မိုးလင်းတော့မှ ခြသေ့်ကြီးက မောင်တက်ပုတို့ကို တောစပ်အထိ လိုက်ပို့လိုက်တယ်တဲ့။

mgyoe.com

mgyoe.com


"ပုံကိုရှည်အောင် အစပ်ကလေးထည့်ပေးပါ။ ခြသေ့်ကြီးလည်းပါရမယ်" ဆိုသော ကျော်ကျော်ဝင်းသည် သူ့ခြသေ့်ကြီး ပုံတွင်ပါလာ၍ စိတ်ကျေနပ်သွားပြီ ထင်ပါသည်။

ပင့်ကူကြီးပါရမည်ဆို၍ တောင်းဆိုသော မောင်မျိုးမင်းလည်း ပင့်ကူကြီးကို အိပ်မက်ထဲတွင် ဆက်၍ မက်နေပေဦးမည်။

ပုံပြောကောင်းသော ဘွားဘွားမှာတော့ မြေးငယ်နှစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေကြသည်ကို မြင်ရသောအခါ စိတ်နှလုံး ချမ်းမြေ့လှပါ၏။

o

mgyoe.com

mgyoe.com

# ဗျည်း ၃၃ လုံး

ဒေါ်ရင်ရင်ဝိုင်းကို ကျွန်မကျေးဇူးတင်ပါ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်မတို့ကလေးများကို စနစ်တကျ ကူထိန်းပေး၍ဖြစ်ပါသည်။ သားကြီးကျော်ကျော်ဝင်း ငယ်ငယ်ကလည်း ဒေါ်ရင်ရင်ဝိုင်း ကျောင်းတွင် တစ်နှစ်ထားပြီးမှ ပုလဲလမ်း (ဗဟန်း) မောင့်ပုလဲဆင့်လမ်းမှ မူကြိုကျောင်းတွင် ပြောင်းထားရပါသည်။ ထိုကျောင်းကိုရောက်မှ သားကြီးသည် ဘုရားကို စနစ်တကျ ရှိခိုးတတ်လာ၍ မောင့်ပုလဲဆင့်လမ်းကျောင်းရှိ ဆရာမလေးများကိုလည်း ကျေးဇူးတင်ပါသည်ဟု ကျွန်မရေးခဲ့၏။

ဉာဏ်သစ်များနှင့် ဖြိုးဖြိုးဝေစ ပြုလာပါသော အကြင် မောင်မျိုးမင်းကို ကျွန်မတို့ ကျောင်းသို့ ပို့ရပါတော့မည်။ သူသည် တစ်နည်းအားဖြင့် ကံကောင်းသည်ဟု ဆိုရပါမည်။ ဖိုးကျော်ဝင်း ငယ်ငယ်က ကျောင်းတက်ရန် ကားပြဿနာကြောင့် ၈ မိုင်ရှိ ဒေါ်ရင်ရင်ဝိုင်း ကျောင်းတွင် တစ်နှစ်ပင်ထားကာ နောက်နှစ်များတွင် ကားရှိရှိ မရှိရှိ အသွားအလာလွယ်ကူသော အိမ်နှင့်အနီးဆုံး ဝိတ္တလစ်လမ်းမကြီးထိပ်ရှိ မောင့်ပုလဲဆင့်လမ်း မူကြိုကျောင်းတွင် ပြောင်း၍ထားရပါသည်။ ရန်ကုန်ကလေးတို့သည် သနားဖွယ်ကောင်းလေစွ။ သူတို့ပညာရေးတွင် ကားပြဿနာ

mgyoe.com

mgyoe.com


အစဉ်ပါရသည်မှာ မဖြစ်သင့်သော အကြောင်းတစ်ခုပင် ဖြစ်၏။

မောင်မျိုးမင်းကိုလည်း ဒေါ်ရင်ရင်ဝိုင်း ကျောင်းတွင်ပင် ထားသည်။ တော်ပေစွ၊ ပထမနေ့ ကျောင်းစတက်ကတည်းက တခြားမိခင်များကဲ့သလို အခက်အခဲပြဿနာများ မိဘကို မပေးသည်ကိုပဲ မောင်မင်းကြီးသားကို ကျေးဇူးတင်ရပေသေးသည်။

ကျွန်မ ငယ်ငယ်ကရော မိငယ်ငယ်ကရော ကျောင်းတက်စတွင် ကျောင်းလိုက်ပို့သူကို မြင်သာသော နေရာတွင် စောင့်နေပါမှ ကျေနပ်သည်။ လှမ်းကြည့်၍ အိမ်ကလူ တစ်ယောက်ယောက်ကို စာသင်ခန်းအပြင်တွင် မမြင်ရလျှင် ငိုချင်သည်။ နောက်နေ့တွင်လည်း ကျောင်းမတက်လိုတော့ပေ။

ယခုတော့ မောင်မျိုးမင်းသည် သူ့အဖေကျောင်းပို့ခဲ့သောနေ့မှစ၍ ဘာမှငိုခြင်းပြုခြင်းမရှိ။ ကျောင်းကပြန်လာလျှင်လည်း စာအုပ်ကိုလွယ်အိတ်မှ ထုတ်၍ သူ့ဆရာမ သင်ကြားသမျှကျက်လိုက်သည်မှာ ဝက်ဝက်ကွဲ၊ ဘေးမှ နားထောင်သူများပင် နားပိတ်ထားရ၏။ ရေးလိုက်သည့် ဝလုံးတွေ၊ ကကြီး၊ ခကွေး ဗျည်း ၃၃ လုံးကို လှလှပပ သေသေသပ်သပ်ကို ရေး၏။ ကျောင်းကိုစွပြီးမှ စားသည်။ ကစားသည်။ ညဉ့်ဦးယံတွင်လည်း စာကို ကျက်ပါသေးသည်။

တစ်နေ့တွင်တော့ သူသည် ကျွန်မကိုလာပြော၏။ သူ၏ကျောင်းတက်ရက်သည် တစ်လပင် မပြည့်သေးပေ။

"ဘွားဘွား... သားလေ ၁ ကနေ ၁၀၀ အထိဆိုတတ်ပြီ" ဟု ပြောပါသည်။

"တယ်ပြီးတော့ တော်တဲ့ကလေးပါလား၊ ကဲ... ဆိုပြစမ်းပါဦး"

မောင်မျိုးမင်းသည် ရှိသမျှအသံကုန်လွှင့်၍ ၁မှစ၍ ဆိုပြပါသည်။ ကျွန်မကလည်း တမင်စူးစိုက်နားထောင်၍ စိတ်ဓာတ်မြှင့်ပေးသည့်

mgyoe.com

mgyoe.com


အနေနှင့် သူ့ကိုမြှောက်ပေးရပါသည်။ တစ်လုံးမှ ထစ်ငေါ့ခြင်းမရှိဘဲ ဆိုနေရာမှ ဖောက်လာပါတော့သည်။

"၃၈... ၃၉... ၄ မဆယ်ချင်ဘူးကွယ်" ဟူ၍ အော်ဆိုရင်း ရပ်လိုက်ပါသည်။ ကျွန်မက သူဆက်မဆိုတတ်၍ ရပ်သွားသည် ထင်သောကြောင့်

"၃၉ ပြီးရင် ၄၀လေ သားရဲ့ ဆက်ဆို" ဟု ပြောလိုက်၏။

"ဘွားဘွားကလည်း မဆယ်ချင်ပါဘူးလို့ ပြောနေ၊ ၄ မဆယ်ချင်ပါဘူးလို့ဆို" အတင်းငြင်းဆန်နေပါတော့သည်။ ဘယ်လိုကလေးတွေ၏ အကျင့်ပါလိမ့်။ ကတ်သီးကတ်သတ် ဘာအဓိပ္ပာယ်နှင့် ပြောမှန်းလဲ ကျွန်မ မသိ၊ နားမလည်။ သူစာမရ၍များ ဆက်မဆိုချင်သလားဟု ကျွန်မတွေးနေစဉ်တွင်ပင် သူသည်

၄၁၊ ၄၂၊ ၄၃ မှသည် ၁၀၀ အထိ ချောမောစွာ ရွတ်ဆိုလိုက်ပါသည်။ ဤနေရာ၌ သူ့စိတ်ကို ကျွန်မ ယခုထိ နားမလည်ပါပေ။ ကျွန်မတို့ လူကြီးများသည် ကျန်းမာပျော်ရွှင်နေခိုက် ကလေးငယ်များနှင့်အတူ နေရသည်မှာ ပျော်စရာကောင်းပေသား၊ စိတ်ဝင်စားဖွယ်ရာကောင်းသော သူတို့၏လောကကို ကျွန်မတို့ လေ့လာနိုင်ပေသည်။

မောင်မျိုးမင်း၏ အစ်ကိုကြီး ကျော်ကျော်ဝင်း ငယ်စဉ်ကမှု တစ်မျိုး ဖြစ်သည်။

သူသည် ကကြီးခကွေး ဗျည်း ၃၃ လုံးကို သင်စဖြစ်၏။ ကျွန်မ၏ ရှေ့တွင် ကကြီးခကွေးကို ရွတ်ဆိုရင်း ဝလုံးကို ရေးပြပါ၏။

"ဘွားဘွား အဲဒါသိလား"

သူကမေး၏။

"ဘာခေါ်လဲ သားရယ် ဘွားဘွားကို ပြောပြပါဦး" ဟု မသိသလိုနှင့် သူ့ကို မေးလိုက်ရ၏။

mgyoe.com

mgyoe.com


"ဝလုံးလေ ဝလုံး"

"အေး… အဲဒီဝလုံး ဘာဖြစ်လဲ"

"အပေါ်ကနေပြီးတော့လေ တူနဲ့ထုလိုက်"

"အင်း… တူနဲ့ထုလိုက်ပြီး ဘာလုပ်ရမှာလဲ"

"တူနဲ့ထုလိုက်တော့လေ တစ်ခါထဲ ချိုင့်ဝင်သွားပြီး ဗထက်ချိုင့် ဖြစ်သွားရော"

"သြော်… တယ်ထူးဆန်းပါလားနော်"

"ပြီးတော့လေ ဘွားဘွား အဲဒီဝလုံးကိုလေ ကတ်ကျီး (ကတ်ကြေးနဲ့) အောက်ကနေကိုက် နည်းနည်းဟလိုက်ရင် ဂငယ်ဖြစ်သွားရော၊ ဝလုံးကို အပေါ်ကနေကိုက် နည်းနည်းဟလိုက်ရင် ပစောက်ဖြစ်သွားရော"

"အောင်မယ် လက်စသတ်တော့ ဗျည်း ၃၃ လုံး ဘယ်ကစဖြစ်သလဲဆိုတာ ဘွားဘွားဖြင့် ဘီအေသာ အောင်လာရော မသိပါဘူး။ သားကြီးပြောပြမှ သိတော့တယ်"

ယခုလို ပြောလိုက်လျှင် သူအလွန်သဘောကျသွားပါသည်။ ခေါ်ရင်ရင်ဝိုင်းနှင့် ကျွန်မ နီးစပ်လျှင်တော့ ကျော်ကျော်ဝင်းကို အပျင်းပြေ ဆရာမလေးကများ ပြောပြလေသလားဟု မေးကြည့်ချင်ပါသည်။

၁၊ ၂၊ ၃၊ ၄ ကျက်ပြန်တော့လည်း မောင်မျိုးမင်းလို အေးအေးဆေးဆေးမကျက်။

"ဘွားဘွား ရှစ်မှာလေ အစဘက်က ကွင်းလေးကို ဘယ်သူထည့်ထားတာလဲဟင်"

ကျော်ကျော်ဝင်းသည် မေးပြန်၏။

"ဘွားဘွား မသိပါဘူး သားကြီးရယ်၊ ရှစ်မှာကွင်းကလေးပါတော့ ဂငယ်နဲ့ ကွဲပြားသွားတာပေါ့ ဟုတ်လား"

ခုနစ်နှင့် ရကောက် (ရ) ပြဿနာကိုလည်း ဖိုးကျော်ဝင်း ဤကဲ့သို့

mgyoe.com

mgyoe.com


ပင် ခဏခဏမေးတတ်၍ တစ်ခါတစ်ခါ ကျွန်မအဖြေရကျပ်၍ သွားပါသည်။ ကျွန်မလည်း အမှန်တော့ ဘယ်သို့ဖြေရမည်ကို လုံးဝမသိပါချေ။ ပထမသော် ကတ်သီးကတ်သတ် မေးသည်ဟု ထင်သော်လည်း သူ့စိတ်ကူးတွင် တစ်ခုခု သံသယရှိခြင်းကြောင့် မေးသည်ဖြစ်၍ ကလေးကို အပြစ်တင်စရာ မလိုပါပေ။

ဝလုံးအကြောင်းကိုလည်း နာနီတစ်ယောက်ယောက်ကများ ပေါက်ပေါက်ရှာရှာ ပြောထားလေသလား မသိ။ ဝလုံးကို အမျိုးမျိုး ကတ်ကြေးနှင့် ကိုက်နေပါတော့သည်။ ကတ်ကြေးကိုက်ဖို့နှင့် တူနှင့်ထုဖို့ကို ကျော်ကျော်ဝင်း အလွန်ဝါသနာပါပါသည်။

ထိုအချိန်က ကျွန်မခင်ပွန်းသည် ကွယ်လွန်စဖြစ်၍ ဘယ်ကိုမှလည်း မသွားနိုင် စကားပြောစရာ အဖော်ကလည်း မရှိ၍ သူပြောသမျှ နားထောင်နေရင်း စိတ်ကိုဖြေသာအောင် ကြည့်နေရပါသည်။

သမီးကြီး မိ ငယ်ငယ်ကတော့ ကျွန်မ စာရေးစားပွဲအနားတွင် သူ၏စာကြည့်ခုံ တစ်ဖက်လျှောလေးရှိသည်။ အဖုံးအပိတ်နှင့်ဖြစ်၏။ သူကျောင်းတက်နေတုန်း သူ့စားပွဲခုံကိုဖွင့်ကြည့်လျှင် ကတ်ကြေးနှင့် ကိုက်ထားသည့် ပန်းပွင့်၊ လူရုပ်၊ အင်္ကျီပုံစံများ၊ ရှုပ်ပွနေပါသည်။

သူ့သားသည် အမေတူလေသလား၊ မီးဖိုချောင်တွင် ကြာဆံညှပ်သော ကတ်ကြေးမှသည် အင်္ကျီကိုက်သော ကတ်ကြေးအထိ နေရာတကျ သိမ်းထား၍မရ။ ကတ်ကြေးများကို မရအရ ရှာဖွေ၍ ကိုက်လိုက်သည်မှာ ကာတွန်းစာအုပ်၊ ပန်းချီကားချပ် သတင်းစာ မဂ္ဂဇင်း စာဖတ်ခန်း တစ်ခုလုံး ခြေချစရာမရှိအောင် ကိုက်ဖြတ်ထားပါသည်။ မိက သူကိုက်သမျှ အစကို သူ့ခုံလေးထဲတွင် တရိုတသေသိမ်း၏။ ကျော်ကျော်ဝင်းက ဖြန့်ကြဲထား၏။ သူကိုက်ထားသော ကတ်ပြားတစ်ခုခု ပျောက်လျှင်တော့ လူးလိမ့်အော်ဟစ်ငိုသည်မှာ ဝက်ဝက်ကွဲ တစ်ခါငို

mgyoe.com

mgyoe.com


လျှင် တစ်နာရီလောက်ကို ကြာပါသည်။

အိမ်ရှေ့အိမ်တွင် ထွန်းထွန်းတို့ နေစဉ်က ထွန်းထွန်းသည် သူ၏ ဗောက်စ်ဝက်ဂွန် ကားအပြာလေးကို ကိုယ်တိုင်ပြင်သည်။ ထွန်းထွန်း ကားပြင်လျှင် ဒီဘက်အိမ်က ကျော်ကျော်ဝင်းသည် တူရှိလျှင် တူနှင့်၊ တူကို အိမ်သားများ ဝှက်ထားပါက နီးရာတုတ်နှင့် သူ၏ သုံးဘီး ဘိုင်စကယ်ကို ထုလိုက် ရိုက်လိုက်သည်မှာ နားပွင့်မတတ်ဖြစ်၏။ ပြီးတော့မှ မြေဖြူခဲကို မင်ထဲနှစ်၍ သူ၏စက်ဘီးကို ဆေးသုတ်သည်မှာ ပြာနှမ်း၍ နေပါတော့သည်။

သူ့မိခင် မိ ကတော့ ဆရာဝန်ဖြစ်လာ၏။ ခွဲစိတ်ကုသသောဘက် တွင် အမှတ်ပိုရ၏။ ပြင်ပ ဝါသနာအနေနှင့် အင်္ကျီချုပ်လုပ်ရာတွင် ဝါသနာပါ၍ အားလပ်ချိန်ရသည်နှင့် တစ်ပြိုင်နက် ကတ်တလောက်ကို ကြည့်ကာ သူ့သားအတွက် ရိုးရိုးရှပ်အင်္ကျီသာမက ဂျာကင်များကို အိမ်မှာတင် ချုပ်ပေးပါသည်။

သူ့သားကြီးလာလျှင် အင်္ကျီချုပ်သမားလော၊ ဆရာဝန်လော၊ ပန်းပဲဆရာပင်လော။ ဘာဖြစ်မည်နည်း။ ကျွန်မ မပြောတတ်ပါ။

တချို့ကတော့ ကလေးငယ်များ ငယ်စဉ်က ကစားသည့် ကစား နည်းအမူအရာကို ကြည့်ရှုနှင့် ဒီကလေး၏ အကျင့်စာရိတ္တ။ ကြီးလာ လျှင် ဘာဖြစ်မည်ဆိုသည်ကို ပြောနိုင်သည်ဟု ဆိုသည်။

တချို့ကလည်း ပတ်ဝန်းကျင် အုပ်ထိန်းသူတို့ အကြပ်အမတ် ကောင်းလျှင် လူတော်လေးများ ဖြစ်လာနိုင်သည်ဟု ပြော၏။

တချို့က ဆင်းရဲဒုက္ခရောက်လျှင် ကလေးများ ပျက်စီးလေလွင့် ၍ ချမ်းသာလျှင် လူတော်လေးများ ဖြစ်လာနိုင်သည်ဟု ပြောသည်။

သူတို့ပြောဆိုချက်သည် အားလုံးမှန်လေသလား။ တစ်စိတ်တစ်ဒေ သအားဖြင့် မှန်ကောင်းမှန်မည် ဖြစ်သော်လည်း လုံးဝမှန်သည်ဟုတော့

mgyoe.com

mgyoe.com


ကျွန်မ မထင်ပါ။

ကျွန်မသည် အနီးကပ်ဆုံး အစ်ကိုနှစ်ယောက်နှင့် သမီးဖြစ်သူ မိ ကို လှေ့လာကြည့်ပါသည်။

အစ်ကိုအကြီးဆုံးဖြစ်သူ သခင်မောင်မောင် (ဗိုလ်မှူးသီဟ)။ သူ ငယ်စဉ်က သားဦးဖြစ်ခြင်း အထိန်း အယုအယ ပြုစုမည့်သူများ ပိုက်ဆံ ပေး၍ ငှားနေရန်မလိုအောင် အိမ်တွင်ပေါများခြင်းတို့ကြောင့် မောင်နှမ ခုနစ်ယောက်တွင် ကံအကောင်းဆုံးသူဟု ဆိုရမည်။

ဦးဘိုးမောင်–ဒေါ်အေးမြဆိုသော လင်မယားနှစ်ယောက်မှာ ကျွန်မ တို့အိမ် မျက်စောင်းထိုးမှာနေသည်။ သူတို့ ထိုစဉ်က ချမ်းသာပါသည်။ သို့သော် မောင်မောင်၏ ငိုသံကြားလျှင် လင်မယားနှစ်ယောက် မနေနိုင်။ ကျွန်မတို့အိမ်ဘက် ကူးလာသည်။

"မေမေ့ ချိုချို မစို့ချင်ဘူး၊ ဘွားဘွား ဒေါ်အေးမြရဲ့ ချိုချိုပိန်ပိန် လေးကို စို့ချင်တယ်"

ဆို၍ ငိုလျှင် အဘွားဒေါ်အေးမြသည် သူ့ချိုချိုကို လှန်၍ တိုက်ရ သည်။ အလွန်အေးမြသော ဆောင်းညများတွင်

"သားကြီး ရေချိုးချင်တယ်၊ မချိုးရရင် မအိပ်ဘူး" ဟူ၍ အော်ငို လျှင် ကလေးထိန်းက ရေချိုးပေးရ၏။ ရေချိုးပေးပြီးလျှင်

"ခုမှပဲ အိုက်သွားတော့တယ်၊ ဘွားဘွား ဒေါ်အေးမြ မှောက်အိပ် ပြီး ခြေထောက်နဲ့ သားကြီးပုခက်ကို လွှဲသိပ်ပါ"

ဆိုလျှင် အဘွားကြီးသည် အိမ်မပြန် မောင်မောင်ကို စောင်ပန်းပုခက် ထဲသိပ် ဝမ်းလျားကြီးမှောက်ကာ ခြေထောက်နှင့်ပုခက်ကြိုးကိုညှပ်၍ မောင်မောင့်ကို လွှဲသိပ်ရပါသည်။

ပုခက်မစီးဘဲ အိပ်သောညများတွင် ကလေးထိန်းသူတို့က သူ့အိပ်ရာ ခင်းအဖြူကို လေးဘက်လေးထောင့်က တင်းနေအောင် ကိုင်ထားမှ

mgyoe.com

mgyoe.com



အိပ်ရာပေါ် တက်အိပ်သည်။ သူနှစ်ခြိုက်စွာ အိပ်ပျော်မှ အမေ ဒေါ်အေးမြတို့ ဇနီးမောင်နှံ သူတို့အိမ်ကို ပြန်ပါသည်။

"မေမေဖြင့်လေ ဒေါ်ဒေါ် ဒေါ်အေးမြတို့ အလိုလိုက်ပုံနဲ့ မောင်မောင်တော့ ပျက်စီးတော့မှာပဲထင်ပြီး ဒေါ်အေးမြကို ပြောပြလည်း မရဘူး၊ သမီးတို့ကို ကိုသည်းညည်းကို အတော်ခံတဲ့ အဘွားကြီး လင်မယားပဲ"

မေမေက ကိုကို့အကြောင်းကို စကားစပ်လျှင် ဤကဲ့သို့ပင် ပြောပြတတ်၏။ ကျွန်မတို့ ကြီးပြင်း၍ ဆော့ကစားသော အရွယ်တွင် ကိုကိုသည် မိန်းကလေးများနှင့်ပင် ကစားသည်။ ညီမလေးများကို အလိုလိုက်၏။ အရုပ်ရှည်ရှည် ခါးနွဲ့နွဲ့နှင့် ကျောင်းသားဘဝမှသည် သခင်ဖြစ်သည်အထိ ဘယ်သူနှင့်မှ ရန်မဖြစ်။ တည့်အောင် ပေါင်းသင်းတတ်သော လူအေးလေး မောင်မောင်ဖြစ်လာသည်။

နောက် သခင်ဘဝ၊ ဗမာ့လက်ရုံး၊ တပ်ဗိုလ်၊ထောင်ကျ၊ ဂျပန်ခေတ် ဗိုလ်မှူးသီဟ နာမည်ယူ၍ ဗိုလ်မှူးဗထူးနှင့်အတူ အနောက်မြောက်ပိုင်း ဒုတိုင်းမှူးအဖြစ် သူသည် လွတ်လပ်ရေးတိုက်ပွဲစခန်းတွင် ပါဝင်ခဲ့၏။

ငယ်ငယ်က ကြေးထူ၍ ခါးပုံနွဲ့နွဲ့ မောင်မောင် လူပျော့လေး၏ ဘဝဇာတ်လမ်းသည် ဒီလိုဖြစ်လာလိမ့်မည်ဟု ဘယ်သူမှ မမျှော်မှန်းခဲ့ပေ။

သူ့ညီတော်မောင် မောင်လှမောင်ကို ကြည့်ပါ။ သူကတော့ ကျွန်မ၏ ညီမအထွေး နုနု (မရင်နု) လိုပင် ငယ်စဉ်က ဘယ်တော့မှမပြုံး။ လက်မြန် ခြေမြန် ဘယ်သူနှင့် ရန်ဖြစ်ရန်ဖြစ် ဘယ်တော့မှ သည်းမခံ။ တွေ့ရာနှင့် ရိုက်ခဲ့နှက်ခဲ့သည်မှာ သူတို့မောင်နှမ၏ အကျင့်ဖြစ်သည်။

"မေမေ ရန်ဖြစ်တာကို မကြိုက်ဘူး မောင်လှမောင်။ ဘယ်သူက လာရန်စ ရန်စ သားကပဲ လက်ဦးအောင် ရိုက်ခဲ့ရ ရိုက်ခဲ့ရ မေမေသားကိုပဲ ရိုက်မယ်"ဟု ပြောခဲ့ရသည်ဟု ဆိုသည်။

mgyoe.com

mgyoe.com


သို့သော် သူကျောင်းထွက်ပြီး ရန်ကုန်ရေကျော် တို့ဗမာအစည်းအရုံးတွင် သခင်အောင်ဆန်း အပါးတွင် သခင်သက်တင်၊ သခင်တင်ဦး၊ သခင်သောင်းစိန်တို့နှင့် တွဲဖက်လုပ်ဆောင်ကတည်းက မောင်လှမောင်ခေါ် သခင်လှမောင်သည် အစဉ်ချိုပြုံးသော မျက်နှာနှင့် လူတိုင်းချစ်ပါသည်။ ရုပ်ကလည်းချော အဝတ်အစားကိုလည်း အလွန်ရွေး၍ လှပသပ်ရပ်စွာ ဂဝတ်စားတတ်၏။

ကိုကို (ဗိုလ်မှူးသီဟ) အင်းဖာသို့ ချီတက်ဆဲတွင် ဂျပန်ခေတ်၌သူသည် ကျွန်မတို့အိမ်တွင် ချမ်းငြိမ်းစွာ ကွယ်လွန်ခဲ့၏။

ကျွန်မ၏ ညီမအထွေး နုနုကို ကြည့်ပါဦး၊ သူငယ်စဉ်က လက်သံပြောင်လွန်း၊ မျက်နှာထား မှုန်ကုပ်ကုပ် နေလွန်းသောကြောင့် ငယ်နာမည် (မှုံကြီး) ဘွဲ့ရခဲ့ပါသော်လည်း ယခု ဆွေစုမျိုးစု၊ အုပ်စုတွင် နုနု၏ ချိုပြုံးသော မျက်နှာနှင့် ဟာသပါသော စကားလုံးများသည် ဆွေမျိုးများနှင့် ကျွန်မ၏ကြားတွင် ပဋိပက္ခကို ငြိမ်းအေးစေပါသည်။

ကဲ...၊ ထိုသို့ဖြစ်ပါလျှင် ကလေးငယ်တို့၏ ငယ်စဉ်က ကစားပုံဓလေ့ကို ကြည့်ရုံနှင့် သူတို့၏ ကြီးပြင်းလာချိန် ဘာဖြစ်မည်ကို တွက်ဆနိုင်သည်ဆိုသော စကားသည် အခါခပ်သိမ်း မှန်နိုင်ပါမည်လော။

မိကိုလည်း ကြည့်ပါဦး။

မိငယ်စဉ်က သူ့ဖခင်နှင့်အတူ ရုပ်ရှင်သွား၍ကြည့်တိုင်း စစ်ကားများကို ကြည့်လျှင် မျက်စိပိတ်ထား၏။ သွေးထွက်သံယိုမြင်ရလျှင် အော်ငို၏။ သို့သော် သူ ၁၀–တန်းအောင်၍ ဆရာဝန်လိုင်း လိုက်သောအခါ ဖားခွဲသည်ကအစ လူကောင်ကြီးခွဲသည်အထိ မိ သည် ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိ။ နုနုကမူ ဆရာဝန်လိုင်းကို ချောမောစွာ ရခဲ့ပါသော်လည်း ဖားခွဲချိန်တွင် အသက်ရှုနေသော ဖားငယ်၏ ရင်ဘတ်ပေါ်သို့ ဓားမတင်ရဲဟုဆို၍ သူသည် ရိုးရိုးဘီအေ (ဝိဇ္ဇာ) သို့ ဘာသာတွဲပြောင်း၍

mgyoe.com

mgyoe.com


ယူခဲ့ပါသည်။

ထိုအကြောင်းများကို ပြန်၍လေ့လာကြည့်တိုင်း ကျွန်မတို့သည် ကလေးငယ်တို့၏ အနာဂတ်ကို ဗေဒင်တွက်၍ မဖြစ်နိုင်ပါချေ။

ပတ်ဝန်းကျင် အုပ်ထိန်းသူတို့ အကြပ်အမတ်ကောင်းလျှင် လူတော်လေးများ ဖြစ်လာနိုင်သည်ဟု ပြောဆိုချက်ကိုလည်း ကျွန်မတို့ လေ့လာကြည့်ကြပါဦးစို့။

ဆွမ်မားဆက်မောန်၏ ဝတ္ထုတိုတစ်ပုဒ် ကျွန်မဖတ်ခဲ့ဖူး၏။ ထိုဝတ္ထုသည် အပေါ်ယံဖတ်လျှင် သာမန်အချစ်ဝတ္ထု တစ်ပုဒ်ပင်ဖြစ်၏။ ဝတ္ထုအမည်မှာ (Kite) စွန် ဖြစ်၏။ ဝတ္ထုသွားမှာ မိခင်ဖြစ်သူက တစ်ဦးတည်းသော သားကို စနစ်တကျမွေး၏။ ငယ်ငယ်ကတည်းက ထမင်းစားချိန်တွင် ဇွန်း၊ ခက်ရင်းကိုင်ပုံ၊ ပေါင်မုန့်လှီးစားပုံ၊ ပေါင်မုန့်အကြွေ အပဲ့လေးကအစ မဖိတ်မစင်ရ၊ သပ်သပ်ရပ်ရပ် စားတတ်အောင် လေ့ကျင့်ပေး၏။ အနောက်နိုင်ငံ ထုံးစံအတိုင်း အစားစားချိန်တွင် လက်သုတ်ပဝါအဖြူကို ပေါင်ပေါ်ဖြန့်ခင်း၍ စားပြီးလျှင် ပြန်ခေါက်ထားရ၏။ ကျောင်းသွားချိန် လည်စည်း စည်းပုံ၊ ဖိနပ်စီးပုံ၊ အဝတ်အစား ဝတ်သည်ကအစ စနစ်တကျ သပ်သပ်ရပ်ရပ် ပြင်ဆင်ပေး၏။ လူလတ်တန်းစား အိမ်ထောင်စုဖြစ်၍ သားဖြစ်သူကို မိခင်က သပ်သပ်ရပ်ရပ် ကျကျနနထား၏။ ကစားချိန်တွင် သားငယ်ကြိုက်သော စွန်လွှတ် ကစားနည်းတစ်ခုကို ခွင့်ပေးထား၏။

သားဖြစ်သူ ကျောင်းထွက် အလုပ်ရချိန်တွင် အမျိုးသမီး တစ်ဦးနှင့် လက်ထပ်လိုက်၏။ မိခင်သဘောမတူ၍ အိမ်ခွဲနေကြသည်။ သူသည် အားလပ်ချိန်တွင် စွန်လွှတ်မြဲလွှတ်၏။ သို့သော် အားလပ်ချိန်တိုင်း ဇနီးအပါးတွင် မရှိ။ အမြဲလို စွန်လွှတ်နေသောကြောင့် ဇနီးကမကျေနပ်။

နောက်ဆုံး လင်မယားကွဲသွား၏။ မိန်းမဖြစ်သူက မယားစရိတ်

mgyoe.com

mgyoe.com

ထောက်ပံ့ကြေး တောင်းရာတွင် ရုံးတော်က စစ်ဆေး၍ ထောင်ဒဏ်ပေး၏။ ထောင်ကျမခံချင်က ငွေဒဏ်ဆောင်ရန် အမိန့်ချ၏။

လူငယ်သည် ငွေဒဏ်မဆောင် ထောင်ကျခံ၏။ ထိုသူငယ်၏ အကြောင်းကို မိတ်ဆွေဝတ်လုံက ပြောပြဟန်နှင့် ဆွမ်မားဆက်မောန်က ရေးပြထား၏။ မောန်သည် နိဂုံးချုပ်တွင် ထိုသူငယ်လေးကို အချုပ်ခန်းတွင် သူတို့သွားတွေ့၏။ သူငယ်လေးသည် စိတ်မနံ့သူမဟုတ်၊ လူကောင်း တစ်ယောက်ဖြစ်သည်ဟု ရေးကာ နိဂုံးချုပ်ထား၏။

မောန်သည် စာဖတ်သူအား ပြဿနာပေးထားခဲ့၏။

တခြားသူများ ဘယ်သို့ ထိုဝတ္ထုကို သဘောထားယူဆသည် မသိပါ။ ကျွန်မအနေနှင့် ထိုဝတ္ထုကို ခဏခဏ စိတ်ဝင်စားစွာ တွေးမိ၏။

မိခင်ဖြစ်သူက ကောင်းပါစေ စေတနာနှင့် ဝမ်းကကျွတ်ကတည်းက အိမ်ထောင်ပြုသည်အထိ စနစ်တကျ သားကို ပုံစံသွင်းရသည်မှာ အမော။ သားသည် သူ့မိခင် ပုံစံသွင်းသမျှ လိုက်လျောသည်။ သို့သော် လူသည် လူပဲဖြစ်၍ သူ၏ လွတ်လပ်ခွင့် တစ်ချိန်ကို သူ့ဆန္ဒက ဖော်ပြလိုသောကြောင့် စွန်လွှတ်ချိန်ကို တစ်ချိန်ယူ၍ မိခင်၏ (ထောင်ကမ္ဘာ) မှ လွတ်အောင်နေ၏။

လက်ထပ်ပြီးသော် မိခင်နှင့် ဇနီးကလည်း အဆင်မပြေ။ စွန်အမြဲ လွှတ်နေသည်ကိုလည်း ဇနီးက မကျေနပ်။ သူလက်ထပ်သည့်အချိန်ထိ မိခင်၏ ထောင်ကမ္ဘာမှ လွတ်ငြိမ်းရာ စွန်လွှတ်ခြင်းကို ရှာဖွေခဲ့ရသော လင်၏ မူလဓာတိစိတ်ကို နားမလည်မိသော ဇနီးသည်ကလည်း သူ့အပါးတွင် မရှိသော လင်အပေါ်မကျေနပ်။ ဇနီးသည်အဖို့လည်း ရိုးသားသော နားမလည်ခြင်းဖြစ်၍ အပြစ်မတင်သာချေ။

နောက်ဆုံး တရားသူကြီး အဆုံးအဖြတ် ပေးသောအခါ မိခင်ရော ဇနီးသည်ရော အမျိုးသမီးနှစ်ဦး၏ (ထောင်ကမ္ဘာ)မှ လွတ်ရာ

mgyoe.com

mgyoe.com


လူသာမန်တို့၏ ထောင်ကို ရွေးချယ်လိုက်ခြင်းပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ငွေဒဏ်ဆောင်၍ အပြင်တွင်နေတော့လည်း မိခင် (သို့မဟုတ်) သူ၏ဇနီး ထိုမိန်းမနှစ်ယောက်၏ အချုပ်အနှောင် စိတ်မလွတ်လပ်မှုကို ခံရမည့်ဒုက္ခကို သူဝေးအောင် ရှောင်လိုက်ခြင်းဖြစ်သည်ဟု ကျွန်မ ယူဆပါသည်။ တခြားသော စာပေပညာရှင်တို့က မည်သို့ယူဆသည် မသိပါ။

ကျွန်မတို့ ဆွေမျိုးတစ်သိုက်ထဲတွင် ကျွန်မ လက်တွေ့ဘဝတစ်ခု ကြုံဖူးပါသည်။ ထိုခေတ်က မြေပိုင်ရှင်များ အလွန်ကောင်းစားသော ခေတ် ဖြစ်ပါသည်။ လင်မှအစ သားအရင်း လေးယောက်အထိ စနစ်တကျ အချိုးကျအောင် ကျွန်မတို့အမျိုး ဒေါ်မိမိကြီးသည် အအုပ်အချုပ် ကောင်းလှ၏။ လူတိုင်းက နည်းယူလောက်အောင် ဩဇာကိုက်သည်။ သားငယ်လေးများသည် ခြံပြင်ထွက်၍ တခြားကလေးများနှင့် မကစားရ။ ပလက်ဖောင်းပေါ်မှ မုန့်များကို သေသာသွားရော မစားဖူးကြပေ။ အရုပ်ကလေးများလို ပုံကျလှပါသည်။ ကျွန်မတို့ မိန်းကလေးများပင် သူ့သားများလို ဣန္ဒြေရရ စနစ်တကျ မနေတတ်ပါ။

ဒေါ်မိမိကြီးတွင် မွေးစားသားတစ်ယောက်ရှိသည်။ အိမ်ကြီးပေါ်တွင် မနေရ။ နောက်ဘက် အစေခံတန်းလျားတွင် မာလီများ၊ အစေခံများနှင့်အတူ အခန်းတစ်ခန်းပေး၍ ထားသည်။

သားရင်းများကို ၁၀ တန်းအထိ ထားပေးသည်။ အောင်လျှင် တက္ကသိုလ် ပို့မည် စီစဉ်သော်လည်း သားရင်းထဲက တစ်ယောက်မှ တက္ကသိုလ်ပညာကို မရလိုက်။ မွေးစားသားကို ၇ တန်းအထိပဲ ထားပေးသည်။

ဒေါ်မိမိကြီး သေသောအခါ ခုနစ်တန်းပညာနှင့် သူ့ဖာသာ ကိုယ့်ဒူးကိုယ်ချွန်၍ စီးပွားရှာရသော မွေးစားသားလက်ပေါ်တွင် သေရ၏။

mgyoe.com